http://www.dhammadownload.com

# သက်ရှင်ဆွမ်းကျွေး တရားတော်



ဓမ္မဒူတအရှင်ပညာဇောတ

ဒုတိယအကြိမ်

http://www.dhammadownload.com

ဤကျမ်းစာအုပ်၌

- သက်ရှင်ဆွမ်းကျွေး ဆိုတာရှိသဖြင့် သက်သေဆွမ်းကျွေး ဆိုတာရှိပါသလား ။
- သက်ရှင်ဆွမ်းကျွေး ဟူသည် အဘယ်လို ဆွမ်းကျွေးမျိုးကို ခေါ်ပါသလဲ ။
- သက်သေဆွမ်းကျွေး ဟူသည် အဘယ်လို ဆွမ်းကျွေးမျိုးကို ခေါ်ပါသလဲ ။
- မည်သူက မည်သူ့ကို ရည်စူး၍ သက်ရှင်ဆွမ်း သက်သေ ဆွမ်းကျွေးကြပါသလဲ ။
- သက်ရှင်ဆွမ်းကျွေး နှင့် သက်သေဆွမ်းကျွေး အကျိုးခြင်းမည်သို့ ထူးပါသလဲ ။

စသည် စသည် တို့ကို သိချင်လျှင်
ဤစာအုပ်ကို ဖတ်ကြည့်ပါ။

http://www.dhammadownload.com



# သက်ရှင်ဆွမ်းကျွေး တရားတော်

## ကျမ်းစာအမှတ် (၃၁)

ဖြန့်ချိရေး

ရန်ကုန်တိုင်း–မရမ်းကုန်းမြို့နယ်
ရှစ်မိုင် ပေါက်စေတီ ဓမ္မရိပ်သာ
ဝေယျာဝစ္စအဖွဲ့မှ ဖြန့်ချိသည်။
ဖုန်း–၆၆၀၁၄၈

http://www.dhammadownload.com

http://www.dhammadownload.com



စာမူခွင့်ပြုချက်အမှတ် – ၃၄၈/၉၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၈/၉၂ (၇)
အကြိမ် – ဒုတိယအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – (        ) ကျပ်
ခုနှစ် – ၁၉၉၂–ခုနှစ်၊ ဩဂုတ်လ
မျက်နှာဖုံးပန်းချီ – ရွှေစိုးဟန်
ပုံနှိပ်သူ – ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
အမှတ်–၉၆/ခ၊ ၁၁–လမ်း၊
ရန်ကုန်မြို့။
ထုတ်ဝေသူ – မောင်ဟန် (၀၈၇၆)
ကမ္ဘာလုံးစာပေ
အမှတ်–၂၅၉၊ နဝဒေးလမ်း၊
ဝါဆိုရပ်ကွက်၊ ဒေါပုံ၊ ရန်ကုန်မြို့။

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ❀ | နိဒါန်း ...... | က |
| ❀ | ဓမ္မဒူတ အရှင်ပညာဇောတ၏ အတ္ထုပ္ပတ္တိအကျဉ်း ...... | င |
| ၁။ | တရားအမည် ...... | ၁ |
| ၂။ | ဟောရခြင်းအကြောင်း ...... | ၁ |
| ၃။ | သေမှကျွေးတာများ ...... | ၂ |
| ၄။ | ဘယ်လိုကွာလဲ ...... | ၂ |
| ၅။ | ဘုရားရှိခိုး ...... | ၃ |
| ၆။ | မဟာပဏာမကြီး ...... | ၆ |
| ၇။ | ဟောမည့်တရား ...... | ၇ |
| ၈။ | တရားဖြစ်လာပုံ ...... | ၈ |
| ၉။ | စဉ်းစားကြသည် ...... | ၉ |
| ၁၀။ | ဉာဏ်(၃)ဉာဏ် ...... | ၁၁ |
| ၁၁။ | သက်သေဆွမ်း ...... | ၁၂ |
| ၁၂။ | သက်ရှင်ဆွမ်း ...... | ၁၃ |
| ၁၃။ | သားသမီး(၃)မျိုး ...... | ၁၃ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အမျှဝေတိုင်းမရ | ...... ၁၅ |
| ၁၅။ | ကပ်လှူနိုင်တယ် | ...... ၁၅ |
| ၁၆။ | သက်ရှင်ဆွမ်းကျွေးပါ | ...... ၁၆ |
| ၁၇။ | တူနေမှုနှင့်ထူးခြားမှု | ...... ၁၇ |
| ၁၈။ | ထပ်ဆင့်အားပေး | ...... ၁၉ |
| ၁၉။ | သေခါမှလာမှာလား | ...... ၂၀ |
| ၂၀။ | သေသူနှင့်သေမည့်သူ | ...... ၂၁ |
| ၂၁။ | သာဓုခေါ်နိုင်တယ်ဆိုတာ | ...... ၂၂ |
| ၂၂။ | မသေခင်ကြိုတင်ပြု | ...... ၂၃ |
| ၂၃။ | မျှယူမလား | ...... ၂၃ |
| ၂၄။ | ရနိုင်တယ်ဆိုတာ | ...... ၂၄ |
| ၂၅။ | သက်ရှင်ဆွမ်းကျွေး | ...... ၂၅ |
| ၂၆။ | သေမင်းတမန် | ...... ၂၇ |
| ၂၇။ | သေမင်းအ၀ | ...... ၂၉ |
| ၂၈။ | ရိက္ခာမရှိပြီ | ...... ၃၀ |
| ၂၉။ | အများကြီးလိုသည် | ...... ၃၁ |
| ၃၀။ | ခိုးက ပိုဆိုးသည် | ...... ၃၃ |
| ၃၁။ | မိုရာကုသိုလ် | ...... ၃၄ |
| ၃၂။ | သေသူ မလှူနိုင် | ...... ၃၅ |
| ၃၃။ | သေချိန်မမှန် | ...... ၃၆ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | ပညာရှိဖြစ်မည် | ...... ၃၈ |
| ၃၅။ | သုဗ္ဗါရောက်မည် | ...... ၃၉ |
| ၃၆။ | သားသမီးများ ဝမ်းသာ | ...... ၄၁ |
| ၃၇။ | ပင့်ပြန်ပြီ | ...... ၄၂ |
| ၃၈။ | အချိန်မကျသေးဘူး | ...... ၄၄ |
| ၃၉။ | သေမင်းထံသာ | ...... ၄၆ |
| ၄၀။ | မီးရထားပမာ | ...... ၄၈ |
| ၄၁။ | ချိန်ခါမရှိပြီ | ...... ၄၉ |
| ၄၂။ | မဲ့သေပြုံးသေ | ...... ၅၀ |
| ၄၃။ | ရိက္ခာမရှိပြီ | ...... ၅၂ |
| ၄၄။ | ကုသိုလ်ကြောင့်ဖြစ်ရ | ...... ၅၄ |
| ၄၅။ | သန္ဓေမနေပြီ | ...... ၅၆ |
| ၄၆။ | အဆန်းရှာတာ မဟုတ် | ...... ၅၇ |
| ၄၇။ | တန်ရုံသာရသည် | ...... ၅၉ |
| ၄၈။ | သက်သေဆွမ်းနဲ့ သက်ရှင်ဆွမ်း | ...... ၆၀ |
| ၄၉။ | သောတာပန်ဖြစ်ကြောင်း | ...... ၆၁ |
| ၅၀။ | အကြောင်းရင်း | ...... ၆၃ |
| ၅၁။ | နွားသတ်အသက်မွေး | ...... ၆၄ |
| ၅၂။ | ကုသိုလ်မရှိ | ...... ၆၅ |
| ၅၃။ | အသားမပါမစား | ...... ၆၆ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၄။ | အတင်းဝယ်သွားပြီ | ...... ၆၇ |
| ၅၅။ | နွားလျှာကိုလှီးပြီ | ...... ၆၈ |
| ၅၆။ | နွားအော်၊ အော်ရပြီ | ...... ၇၂ |
| ၅၇။ | အဝီစိငရဲကျ | ...... ၇၄ |
| ၅၈။ | ကိုယ်ပြုကိုယ်ခံ | ...... ၇၈ |
| ၅၉။ | စင်ကြယ်ညစ်နွမ်း | ...... ၇၉ |
| ၆၀။ | တက္ကသိုလ်ရောက်သွား | ...... ၈၀ |
| ၆၁။ | သာဝတ္ထိပြည်သွား | ...... ၈၂ |
| ၆၂။ | စဉ်းစားကြည့် | ...... ၈၃ |
| ၆၃။ | ယနေ့အလှူမင်္ဂလာ | ...... ၈၆ |
| ၆၄။ | အကူအညီ | ...... ၈၈ |
| ၆၅။ | ကျေးဇူး ကျေမကျေ | ...... ၉၀ |
| ၆၆။ | ဘုရားရှင်ကိုကြည့်ပါ | ...... ၉၁ |
| ၆၇။ | ဆုတောင်းနှင့်အမျှဝေ | ...... ၉၃ |
| ❀ | နိဂုံး | ...... ၉၇ |

http://www.dhammadownload.com



# နိဒါန်း

## နမော တဿ အမတံဒဒ

သက်ရှင်ဆွမ်းကျွေး တရားတော်ဟူသော အမည်သညာသည် စာရှုသူအတွက် ဆန်းသစ်ကောင်း ဆန်းသစ်နေပါလိမ့်မည်။ သို့ပင် ဆန်းသစ်နေသော်လည်း အမည်မှာ မိမိအနေနှင့် အဆန်းအသစ် တီထွင်ပြီးပေးသော အမည်သစ်တစ်ခုကား မဟုတ်ရိုး အမှန်ပါ။

"သက်ရှင်ဆွမ်းကျွေး" ဟူသော အမည်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၃၀ ကျော်က တွင်ခဲ့သော မှည့်ခဲ့သော အမည်ဖြစ်ပါသည်။ သို့သော်လည်း ၎င်းအမည်၊ ၎င်းအခေါ်အဝေါ်မှာ လူအများ ရှင်အများ ရဟန်းအများ၏ နှုတ်ဖျားတွင် ရေပန်းမစားခဲ့ပါ။

မိမိအနေနှင့်လည်း ၎င်းအမည်ကို မသိခဲ့ပါ။ ၎င်းအမည်ကို အသုံးမပြုခဲ့ပါ။ ယင်းသို့ အသုံးမပြုဘဲ ယခုမှ ဘာ့ကြောင့်အသုံးပြုခဲ့ရသနည်း။ ယင်းကား သိချင်စရာပင်ဖြစ်ပါသည်။

http://www.dhammadownload.com

## (က)

မှန်ပါသည်။ သိချင်စရာဖြစ်ပါသည်။ ယင်းသိချင်စရာကို သိရန်ပြောရသော် မိမိသည် စာချနေသူ စာရေးနေသူ တရားဟောတရားပြနေသူ ဖြစ်သည့်အလျောက် ပို့ချ ရေးသား၊ ဟောကြားပြသနေရာ ဓမ္မပဒအဋ္ဌကထာလာ "ဂေါဃာတကပုတ္တဝတ္ထု" ကို အကြိမ်ကြိမ်လည်း ပို့ချခဲ့ပါ၏။ အကြိမ်ကြိမ်လည်း ဟောပြခဲ့ပါ၏။

သို့သော် သက်ရှင်ဆွမ်းကျွေး တရားတော်ဟူ၍ အမည်တပ်ရကောင်းမှန်း မသိခဲ့ပါ။ မသိသည့်အတွက် မတပ်ခဲ့ပါ။ ဂေါဃာတကပုတ္တ ဝတ္ထုဟူ၍ပဲ အမည်တပ်၍ အစမှအဆုံးတိုင် အစဉ်အတိုင်းပဲ ဟောခဲ့ပါသည်။ လူအများလည်း သံဝေဂဖြစ်ခဲ့ပါသည်။ သို့သော်လည်း လိုရင်းသို့ မရောက်ခဲ့ပါ။

မိမိသည် ဟောရင်းဟောရင်းနှင့် တစ်ခါသော် ယင်းဝတ္ထုထဲမှ သားသမီးများက ဘုရားရှင်အား "မြတ်စွာဘုရား၊ ဘုရားတပည့်တော်တို့သည် ယခုမြတ်စွာဘုရားရှင်ရဲ့ ရှေ့မှာ ထိုင်နေသော ဖခင်အတွက် ဤသက်ရှင်ဆွမ်းကျွေးဟူသော အလှူကို လှူဒါန်းပါသည်ဘုရား၊ ဘုရားတပည့်တော်တို့၏ ဖခင် အကျိုးငှာ အနုမောဒနာ တရားဟောတော်မူပါဘုရား" ဟု လျှောက်ထားချက်ကို သတိပြုခဲ့မိပါသည်။

ယင်းကို သတိပြုခဲ့ရာမှစ၍ နောက်နောင်အခါ ယင်းတရားကို ဟောသည့်အခါတွင် "သက်ရှင်ဆွမ်းကျွေး တရားတော်" ဟူ၍

http://www.dhammadownload.com



အမည်တပ်ကာ ပထမစပြီး ဟောစဉ်ကလို အစမှစ၍ အစဉ် အတိုင်း အဆုံးအထိ မဟောဘဲ သက်ရှင်ဆွမ်းကျွေးဖြစ်ပေါ်လာပုံမှ စပြီး ဟောပြောကာ ဒေသနာနိဂုံးဆုံးမှ အကြောင်းအတ္ထုပ္ပတ္တိကို ပြန်ပြောင်း ဟောပါသည်။

ယင်းသို့ဟောတဲ့အခါ သက်ရှင်ဆွမ်းကျွေးပါ၊ သားသမီး များ၏ ရည်ရွယ်ချက်ကို ပေါ်လွင်စေလျက် အသက်ထင်ရှားရှိနေ သော သူတို့၏ဖခင်ကြီး အသက်ထင်ရှားရှိစဉ် ဖခင်အား ရည်စူးပြီး သက်ရှင်ဆွမ်းကျွေး တရားနာပုံကို ရှင်းပြဟောပြပါသည်။

အခုခေတ်မှာ အဲဒီလို သက်ရှင်ဆွမ်းကျွေးမျိုး ရှားပါးပြီး၊ မိဘများသေခါမှ သက်ပျောက်ဆွမ်း၊ မြေဆင်းဆွမ်း၊ ရက်လည် ဆွမ်း၊ လပတ်ဆွမ်း၊ နှစ်လည်ဆွမ်း စသည်များသာ ကျွေးကြပုံ များကို ရှင်းပြပါသည်။

၎င်းနောက် သက်ရှင်ဆွမ်း ကျွေးရခြင်းနှင့် သေခါမှ သက်သေဆွမ်းကျွေးရခြင်းဟာ မည်သို့ အကျိုးကျေးဇူးကွာခြား ပုံများကို ရှင်းပြပါသည်။

ထိုအခါ တရားနာပရိသတ်များသည် ရှေးက အစမှအဆုံး အစဉ်အတိုင်း ဟောတာထက် ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း လင်းလင်း သဘောပေါက်ကြသည်။

အထူးသဖြင့် သက်ရှင်ဆွမ်းကျွေးနှင့် သက်သေဆွမ်းကျွေးရဲ့ အကျိုးတရား ကွာခြားချက်ကို သဘောပေါက်ကြသည်။ ၎င်းတရား တော်ကို စာအုပ်ရေးရန် လျှောက်ထားကြသည်။

http://www.dhammadownload.com

(၈)

မှန်ပါသည်။ မိမိသည် ၁၀–ရက်စခန်းများကို ပြသ, ဟော ပြောနေရရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အနှံ့အပြား မလှည့်မပြ နိုင်ပါ။ ပြနိုင်ဖို့ရာ မိမိမှာ ရက်အားမရှိပါ။

မိမိရေးသားသော စာများကား မြန်မာနိုင်ငံအနှံ့အပြားသာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ပင် ရောက်ခဲ့ပါ၏။ ယင်းကိုသိသော မိမိစာဖတ်ပရိသတ်များက ဤသက်ရှင်ဆွမ်းကျွေးတရားတော်ကို စာအုပ်အဖြစ် ရေးသားရန် တောင်းဆိုခြင်း ဖြစ်ပါသည်။

မိမိအနေနှင့် အလုပ်များသူ၊ အလုပ်မအားသူဖြစ်၍ အာမ. မခံနိုင်ခဲ့ပါ။ သက်ရှင်ဆွမ်းကျွေး တရားတော်ကို အမြို့မြို့ အရွာရွာ၌ အကြိမ်ကြိမ် ဟောခဲ့ပါပြီ။

စာအုပ်ဖြစ်ရန် ကြံဆုံချင်လာတော့ ၁၃၅၂–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၆)ရက်နေ့ နေ့လယ်တွင် မိမိ တောင်စွန်း ပြန်ရောက်ခိုက် မိမိရဲ့ကျောင်းအမကြီး ဒေါ်စိန်တင် မွေးနေ့၌ မိမိသည် သက်ရှင်ဆွမ်းကျွေးကို ဟောခဲ့ရာ အသံဖမ်းထားသည့် တိပ်ခွေကို ပဲခူးတိုင်း၊ စာရင်းစစ်မှူး ဒေါ်စိန်ထွေးက စာမူအဖြစ် ကူးပြီး မိမိသို့ပေးအပ်လာသည်။ ယင်းသို့ဖြင့် မိမိလည်း မနေ သာဘဲ အားချိန်များ၌ ရေးသားရာ ဤကျမ်းစာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

သက်ရှင်ဆွမ်းကျွေး တရားတော်ရဲ့ အကောင်း အဆိုး အကြောင်းအကျိုးကိုတော့ မိမိအနေနှင့် ဤနိဒါန်း၌ အထူးဗိုကာချဲ့

http://www.dhammadownload.com



ကာ ရေးသားပြရန်မလိုပါပြီ။ အဘယ့်ကြောင့်ဆိုသော် စာအုပ်မှာ စာရှုသူလက်သို့ ရောက်နေပြီဖြစ်၍ စာရှုသူကိုယ်တိုင် ဖတ်ရှုဝေဖန် ရန်သာ လိုပါတော့သည်။

စာရှုသူဖတ်ရှု၍ အကျိုးကျေးဇူး ရပါသည်ဆိုလျှင် ဤကျမ်းစာ ဖြစ်ပေါ်ရန် တိုက်တွန်းတောင်းပန်သူများနှင့် စာမူချော ကူးပေးသူ များကိုသာ ကျေးဇူးတင်ပါတော့။ မိမိအနေနှင့်မူ စာရှုသူ အကျိုးကျေးဇူး ရခြင်းသည်ပင်လျှင် စာရေးရကျိုးနပ်ခြင်း ဖြစ်ပါ သတည်း။။

ဓမ္မဒူတ အရှင်ပညာဇောတ

(၂၅-၁-၉၁)

၁၃၅၂-ခု၊ တပို့တွဲလဆန်း ၁၁-ရက်။

http://www.dhammadownload.com



# ဓမ္မဒူတ အရှင်ပညာဇောတ

## အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဓမ္မဒူတ အရှင်ပညာဇောတသည် ၁၂၉၆–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄)ရက်၊ ကြာသပတေးနေ့ နံနက် (၁၀း၁၅) နာရီအချိန်တွင် ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ လက်ပံလှကျေးရွာအုပ်စု၊ ပဲခူးစုရွာ၊ ခမည်းတော် ဦးတွတ်၊ မယ်တော် ဒေါ်ငွေတင်တို့မှ ဖွားမြင်သော သားရတနာဖြစ်ပါသည်။

၁၂–နှစ်သားအရွယ်မှ ကျောင်းနေ၍ ၁၃–နှစ်သားအရွယ်၌ ရှင်သာမဏေဝတ်ခဲ့ပါသည်။ ၁၃၁၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်နေ့ နံနက် (၉း၁၅) နာရီအချိန်တွင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဒ္ဓသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ဇေယျဝတီ ဆရာတော် အရှင် ဥက္ကံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ရန်ကုန်၊ အမရပူရ၊ မန္တလေး၊ ပခုက္ကူ၊ စစ်ကိုင်းတောင်ရိုးတို့တွင် ပရိယတ်စာပေများ သင်ယူခဲ့ပြီး "သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့တံဆိပ်၊ ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏကဘွဲ့တံဆိပ်နှင့် အဘိသိရီပဝရ သာသနလင်္ကာရ ဒီဃနိကာယရေဘွဲ့တံဆိပ်" တို့ကို ရရှိခဲ့ပါသည်။

http://www.dhammadownload.com



ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သံဃတက္ကသိုလ်၌ ၃- နှစ်တိုင် ခေတ်ပညာနှင့် သာသနာပြုနည်းများကို သင်ယူခဲ့ပါသည်။

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေဥမင်တောရ ဆရာတော် အရှင်ကောသလ္လ မဟာထေရ်အထံ၌ ပဋိပတ်ကျင့် နည်းများကို ၄-ဝါတိုင်တိုင် သင်ယူကျင့်သုံးခဲ့ပြီး တောရကျောင်း များ၌ လှည့်လည်နေထိုင်ခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌ ဂုရု အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိသုဒ္ဓါဘိဝံသ ပဗ္ဗာန်းဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ ဩဝါဒများ တရားတော်များကို နာခံမှတ်သားရာမှ တရားဟော တတ်ခဲ့ပါသည်။

ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ အရှင်မဟာဇနကာ ဘိဝံသဆရာတော်နှင့် နိုင်ငံကျော်စာရေးဆရာကြီး ဦးသော်ဇင် တို့၏ နည်းညွှန်မှုကြောင့် စာရေးသားမှု တတ်ခဲ့ပါသည်။

၁၃၃၁-ခုနှစ်မှ စ၍ "တေဇင် အရှင်ပညာဇောတ" ဟူသော ကလောင်အမည်ဖြင့် ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ-

| | | |
|---|---|---|
| ၁။ | ဒါနဝတ္ထု | ၃ ကြိမ်ရိုက်ဆဲ |
| ၂။ | သီလဝတ္ထု | ၃ ။ |
| ၃။ | ဗုဒ္ဓဓမ္မပြဿနာများ(၁) | ၃ ။ |
| ၄။ | ဘာဝနာဝတ္ထု | ၃ ။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၅။ | ဒေါသဖြေဖျောက်နည်း | ၂ | ။ |
| ၆။ | ဗုဒ္ဓဓမ္မပြဿနာများ(၂) | ၂ | ။ |
| ၇။ | ဗုဒ္ဓ၏သက်သတ်လွတ် | ၂ | ။ |
| ၈။ | ဗုဒ္ဓဓမ္မပြဿနာများ(၃) | ၂ | ။ |
| ၉။ | ရှင်လောင်းသင်ရှင်ကျင့်ဝတ် | ၂ | ။ |
| ၁၀။ | ဗုဒ္ဓဓမ္မပြဿနာများ(၄) | ၂ | ။ |
| ၁၁။ | အယူဝါဒရှင်းတမ်း | ၂ | ။ |
| ၁၂။ | ဗုဒ္ဓဓမ္မပြဿနာများ(၅) | ၂ | ။ |
| ၁၃။ | ဗုဒ္ဓဓမ္မပြဿနာများ(၆) | ၂ | ။ |

တို့ ဖြစ်ပါသည်။

၁၃၄၂–ခုနှစ်မှစတင်၍ "ဓမ္မဒူတအရှင်ပညာဇောတ" ဟူသော ကလောင်အမည်ဖြင့် ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ–

| | | | |
|---|---|---|---|
| ၁၄။ | ငြင်းခုံပွဲမှ အမြတ် | ၂ | ကြိမ်ရိုက်ဆဲ |
| ၁၅။ | မွေးမေ့မေတ္တာ | ၂ | ။ |
| ၁၆။ | ဗုဒ္ဓဓမ္မပြဿနာများ(၇) | ၂ | ။ |
| ၁၇။ | အလှူခံ တစ်ကျိပ်လေး | ၂ | ကြိမ်ရိုက်ဆဲ |
| ၁၈။ | ဗုဒ္ဓဓမ္မပြဿနာများ(၈) | ၂ | ။ |
| ၁၉။ | ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်းအချုပ် | ၅ | ။ |
| ၂၀။ | ဝေဒနာရှုပွားနည်း | ၂ | ကြိမ်ရိုက်ပြီး |
| ၂၁။ | ဓမ္မန္တရာယ်ကာကွယ်ရေး | ၂ | ကြိမ်ရိုက်ဆဲ |
| ၂၂။ | မီးကျီးတွင်းမှ ပွင့်သောကြာ | | ။ |

http://www.dhammadownload.com



၂၃။ ဗုဒ္ဓဓမ္မပြဿနာများ(၉) ၁ ကြိမ်ရိုက်ပြီး
၂၄။ သာသနာ့လမ်းစဉ် ၂ ကြိမ်ရိုက်ဆဲ
၂၅။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် ။
၂၆။ အလှူသင်တန်း ၁ ကြိမ်ရိုက်ပြီး
၂၇။ အမှောင်နှင့်အလင်း ၂ ကြိမ်ရိုက်ဆဲ
၂၈။ မျှတမှု တရားရ ၁ ကြိမ်ရိုက်ပြီး
၂၉။ အနေကဇာတင်နည်း (၇)နည်း ။
၃၀။ လိုရာပြည့်ဝဓာရဏပရိတ်တော်နှင့် နိုင်ငံကျော် ဆရာတော်ကြီးများ၏ ဘုရားရှိခိုးများ ၁ ကြိမ်ရိုက်ပြီး
၃၁။ သက်ရှင်ဆွမ်းကျွေးတရားတော် ၁ ကြိမ်ရိုက်ဆဲ
၃၂။ ဗုဒ္ဓဓမ္မပြဿနာများ(၁၀) ၁ ကြိမ်ရိုက်ဆဲ
၃၃။ မဲ့သေပြုံးသေ ၁ ကြိမ်ရိုက်ဆဲ
၃၄။ သည်းခံမှ နိဗ္ဗာန်ရ ၁ ကြိမ်ရိုက်ဆဲ

တို့ ဖြစ်ပါသည်။

ဓမ္မဒူတ အရှင်ပညာဇောတသည် ယခုအခါ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ၌ ရှင်ရဟန်း ၉၀-ကျော်တို့အား ပရိယတ် အဘိဓာ၊ ပဋိပတ်များသင်ပြလျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

http://www.dhammadownload.com



# သက်ရှင်ဆွမ်းကျွေးတရားတော်

## တရားအမည်

သာသနာတော်သက္ကရာဇ် ၂၅၃၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂ ခုနှစ် ဥတုဟေမန္တ၊ နတ်တော်လပြည့်ကျော် (၆)ရက်နေ့၊ နေ့လည်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက်၌ တောင်စွန်း ရွှေဝါလမ်းမှ ကျောင်းအစ်မ ကြီး ဒေါ်စိန်တင်၏ မွေးနေ့အကြို အလှူမင်္ဂလာပွဲ၌ ဟောကြား အပ်သော ခုဒ္ဒကနိကာယ်ဓမ္မပဒ ပါဠိအဋ္ဌကထာ၌လာသော **"သက်ရှင်ဆွမ်းကျွေး တရားတော်"**။

## ဟောရခြင်းအကြောင်း

ဘုန်းကြီးတို့ ဒီကနေ့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ မွေးနေ့အကြို အလှူမင်္ဂလာပွဲမှာ ဒီသက်ရှင်ဆွမ်းကျွေး တရားတော်ကို ဟောပေးရတာ အကြောင်းရှိပါတယ်။ မူလက မြတ်စွာဘုရားရှင် သက်ရှင်ဆွမ်းကျွေးတရား ဟောစဉ်ကနှင့် ယခု ဟောရမှာနှင့် အတော်များများ တူနေလို့ ဟောရခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



## သေမှကျွေးတာများ

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာပဲ အတော်များများသော ပုဂ္ဂိုလ်တွေဟာ အသက်ထင်ရှား ရှိစဉ်တုန်းကတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနှင့် နေကြတယ်၊ ဆွမ်းတစ်ခါမှ မကျွေးကြပါဘူး။ အဲ လူတစ်ယောက်ယောက် သေပြီဆိုလျှင် နံနက်ပိုင်းသေပါက သေသေချင်း သက်ပျောက် သပိတ်သွတ်ဖို့ရာ ဘုန်းကြီး အပြေးအလွှားလာပင့်ကြတယ်၊ သက်ပျောက် သပိတ်သွတ်တယ်၊ ဒါ သက်ပျောက်ဆွမ်းကျွေးပေါ့။

နောက်တစ်ခါ သေသူ မြေချတဲ့အခါမှာ မြေဆင်းသပိတ်တစ်ခါသွတ်တယ်။ ဒါ မြေဆင်းဆွမ်းကျွေးပေါ့။ နောက်တစ်ခါ သေသူ (၇)ရက်လည်တော့ သပိတ်တစ်ခါသွတ်တယ်၊ ဒါ ရက်လည်ဆွမ်းကျွေးပေါ့။ နောက်တစ်ခါ အချို့က တစ်လပြည့်တဲ့အခါ လလည်ဆွမ်းကျွေး၊ တစ်နှစ်လည်တဲ့အခါ နှစ်လည်ဆွမ်းကျွေး စသည်ဖြင့် ကျွေးကြတယ်။

## ဘယ်လိုကွာလဲ

အေး-၊ အဲဒီလို အသက်သေခါမှ သက်ပျောက်ဆွမ်းကျွေး စသည်ကျွေးတာနဲ့ ယခု ကျောင်းအမကြီး ဒေါ်စိန်တင်တို့လို အသက်ထင်ရှားရှိစဉ် မွေးနေ့ဆွမ်းကျွေး၊ သက်ရှင်ဆွမ်းကျွေးတာနဲ့

http://www.dhammadownload.com



ဘယ်လိုကွာလဲလို့ အဲဒါကို သိစေချင်လို့ ဘုန်းကြီးတို့ ဒီတရားကို ဟောတာပါ။

သေမှကျွေးတဲ့ဆွမ်းကို "မတကဘတ္တ"လို့ ခေါ်ပါတယ်။ သက်သေဆွမ်းပေါ့။ အသက်ရှင်စဉ် ကျွေးတဲ့ဆွမ်းကို "ဇီဝဘတ္တ" လို့ ခေါ်ပါတယ်။ သက်ရှင်ဆွမ်းပေါ့။ အသက်သေခါမှ အကြိမ်ပေါင်းများစွာ ကျွေးတာနဲ့ အသက်ရှင်စဉ် တစ်ကြိမ်နှစ်ကြိမ် ကျွေးတာနဲ့ အများကြီး အကျိုးပေးကွာခြားပါတယ်။

ဒီသက်ရှင်ဆွမ်းကျွေး တရားတော်ကို မဟောမီ မနာမီ ဒီတရားတော်ကို ဟောတော်မူခဲ့တဲ့ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို "နမော တဿ" ဘုရားရှိခိုးဖြင့် ရှိခိုးကြည်ညိုကြရအောင်။

## ဘုရားရှိခိုး

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ (၃)။ **ဇိနော**–ဒေဝပုတ္တ၊ စသည်များဖြင့် မာရ်ငါးအင်ကို အောင်တော်မူပြီးသော။ **ယောဘဂဝါ**–အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ **သံသာရပက်တော**–သံသရာတည်းဟူသော ညွန်ပျောင်းမှ။ **နိမုဂ္ဂါနံ**–နစ်မြုပ်တည်နေကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့ကို။ **သမုဒ္ဓရဏတ္ထံ**–ကောင်းစွာဆယ်ကယ်တင်ရန် အကျိုးငှာ။ **ကတာဘိနီဟာရော**–ပြုအပ်ပြီးသော

http://www.dhammadownload.com



ဆုတောင်းခြင်းရှိသည်။ **ဟုတွာ**–ဖြစ်၍။ **ဗောဓိသမ္ဘာရေ**–အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရင့်သန်ကြီးပွားစေတတ်သော ပါရမီတော်တို့ကို။ ဝါ **ဗောဓိသမ္ဘာရေ**–အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော် အရင့်သန်ကြီးပွားကြောင်း အဆောက် အဦးဖြစ်သော ပါရမီတော်တို့ကို။ **ပူရေတွာ**–ဖြည့်ကျင့်တော်မူခဲ့ ပြီးဖြစ်၍။ **ဗုဒ္ဓဓမ္မေ**–သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဖြစ် ကြောင်း ဖြစ်သော တရားတော်တို့ကို။ **ဉာဏေန**–ဉာဏ်ဖြင့်။ **ဂဝေသန္တော**–ရှာမှီးတော်မူသည်ရှိသော်။ **ဗောဓိမဏ္ဍံ**–သဗ္ဗညုတ ဉာဏ် ကြည့်ရာမှန်သည့် ဗောဓိမဏ္ဍိုင် မြေဦးတိုင်သို့။ **ပတ္တော**– ရောက်တော်မူ၍။ **တမ်ဓောဟံ**–သတ္တဝါတို့၏။ ဉာဏ်ပညာမျက်စိကို ကာကွယ်ပိတ်ဆို့တတ်သော အဝိဇ္ဇာတည်းဟူသော အမိုက် အမှောင်ကို။ **သဒ္ဓမ္မရံသီဟိ**–သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည်တော်တို့ဖြင့်။ **ဟန္တွာ**–ပယ်လွင့်ပျောက်ပျက်တော်မူပြီး၍။ **ပဏ်ဖံဇနံ**–ဝေနေယျသတ္တဝါတည်းဟူသော ကြာကို။ **ဗောဓေသိ**– သစ္စာလေးပါး မြတ်တရားကို ထင်ရှားမသွေသိစေတော်မူသော အားဖြင့် ပွင့်စေတော်မူပြီး။

**အရဟာတော**၊ ထောင့်ငါးရာ ကိလေသာ ရန်သူတို့မှ စက္ကဝါ အနန္တ ထက် ဝေးကွာတော်မူပါပေထသော။ **အရဟာတော**၊ တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့ကို လေးတန်ဉာဏ်မဂ် စိန်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်သတ်တော် မူတတ်ပါပေထသော။

http://www.dhammadownload.com



**အရဟာတော၊** ပဋိစ္စသမုပ္ပါဒ် ချားရဟတ်သို့ မပြတ်လည်ရာ သံသရာစက်ကြီးကို ကမ္မက္ခယိန် ဉာဏ်လက်နက်ပုဆိန်ဖြင့် ရွယ်ချိန်မိုးလျက် ချိုးဖဲ့ ဖျက်ဆီးတော် မူတတ်ပါပေထသော။ အရဟာတော၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ အကြည်ဖြူကော်ရော် ပေးလှူပူဇော်အပ်သော ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်ပါပေထသော။ **အရဟာတော၊** ယုတ်မာညစ်ကျူး မကောင်းမှုကို ပြုကျင့်ခြင်းနှင့် ဗုဒ္ဓဟောပင်မင်း ဗောဓိရင်းက ပယ်ရှင်းဟောတု ဘယ်တစ်ခုကိုမျှ ပြုကျင့်ဖို့ရာ ဆိတ်ကွယ်ရာအရပ်ရှိတော်မမူပါပေထသော။ **သမ္မာသမ္ဗုဒ္ဓဿ၊** ဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား ထင်ရှားပိုင်နိုင် ကိုယ်တော်တိုင်သိတော် မူတတ်ပါပေထသော။ **တဿ ဘဂဝတော၊** ထို ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။ **မေ၊** ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် ဘုရားတပည့်တော်၏။ **နမော၊** ရှိခိုးကြောင်း ဖြစ်သော ရတနတ္တယပဏာမကုသိုလ် စေတနာသည်။ **အတ္ထု၊** နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေ ဖြစ်ပါစေသော မြတ်စွာဘုရား။

**တေန နမနေန၊** ထိုသို့ ရှိခိုးကြောင်းဖြစ်သော ရတနတ္တယပဏာမ ကုသိုလ်စေတနာကြောင့်။ **မေ၊** ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် ဘုရားတပည့်တော်၏။ **ဃေဟမင်္ဂလံ**– တွင်းပနှစ်တန်၊ ရန်မာန်အပေါင်း၊ အောင်ကြောင်းအောင်ရာ၊

http://www.dhammadownload.com



အောင်မင်္ဂလာသည်။ **ဘဝတု**–အဆောတလျင် အောင်မြင်ပြီးစီး အောင်ခြင်းကြီး အောင်မြင်ပါစေသတည်း။

သာဓု–သာဓု–သာဓုပါ အရှင်ဘုရား။

**တေန နမနေန**၊ ထိုသို့ရှိခိုးကြောင်းဖြစ်သော ရတနတ္တယ ပဏာမ ကုသိုလ်စေတနာကြောင့်။ **ဝေါ တုမှာကံ**၊ ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် သင် သူတော်စင် ပရိသတ် အပေါင်းတို့၏။ **ဇယမင်္ဂလံ**၊ တွင်းပနှစ်တန်၊ ရန်မာန်အပေါင်း၊ အောင်ကြောင်းအောင်ရာ၊ အောင်မင်္ဂလာသည်။ **ဘဝတု**၊ အဆော တလျင်၊ အောင်မြင်ပြီးစီး၊ အောင်ခြင်းကြီး အောင်မြင်ပါစေ သတည်း။

သာဓု–သာဓု–သာဓုပါ အရှင်ဘုရား။

"သက်ရှင်ဆွမ်းကျွေးတရားတော်ကို မဟောမီ၊ မနာမီ အစ်ဦးစွာသျှ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို" နမောတဿ ဘုရားရှိခိုးနဲ့ ရှိခိုးပြီးပါပြီ။

## မဟာပဏာမကြီး

ဒီ နမောတဿ ဘုရားရှိခိုးဆိုတာ "**မဟာပဏာမ**" ကြီးပါ။ အကြီးဆုံးသော ဘုရားရှိခိုးကြီးပါ။ ပါဠိတော့ ရကြပါတယ်။ အနက်ကို မရကြတော့ ဘုရားရှိခိုးမှန်း မသိဖြစ်နေကြပါတယ်။ အနက် မရလျှင်လည်း ပါဠိကိုပဲ သက်စေ့ဆိုပြီး ရှိခိုးကြပါ။ ဒီနမော တဿ ဘုရားရှိခိုးကို–

http://www.dhammadownload.com



ကောသလမင်းကြီး၊

အာရာမဒဏ္ဍပုဏ္ဏား၊

ဇာဏုသောဏိပုဏ္ဏား၊

ပြဟ္မာယုပုဏ္ဏား၊

ကာရဏပါလီ၊

ဇနဿာနီ၊

သိကြားမင်း

တို့ ရှိခိုးကြပါတယ်။ ဘုန်းကြီးတို့ပရိသတ်လည်း ရစေချင်လို့ ဘုန်းကြီး ဒီ နမောတဿ ဘုရားရှိခိုးကို ရှိခိုးပြလိုက်တာပါပဲ။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ဘုရားအာရုံ ကိုယ်လုံးထုံသူဦးရေ အတော်နည်းပါးပါတယ်။ ဘုရားရှိခိုးတွေ ကျက်မှတ်ပြီး ဘုရားအာရုံ ကိုယ်လုံးထုံကြပါ။

အများအားဖြင့် "**ဩကာသ**" လောက်ပဲ ရကြပါတယ်။ အချို့မှာ ဩကာသတောင် တစ်ယောက်တည်းဆိုလျှင် မရတော့ပါ။ ဘုရားရှိခိုးဆိုတော့ မရကြတော့ပါ။

## ဟောမည့်တရား

ကဲ–ဘုန်းကြီးတို့ နမောတဿ ဘုရားရှိခိုးနဲ့ ဘုရားရှင်ကို ရှိခိုးပူဇော်ပြီးတော့ ဘာတရားကို ဟောမှာတဲ့လဲ။

**သက်ရှင်ဆွမ်းကျွေးတရားတော်**ပါဘုရား။

http://www.dhammadownload.com



"ဒီကနေ့ မွေးနေ့မင်္ဂလာဆွမ်းကျွေးပွဲနဲ့ အင်မတန်လျော်လို့ အင်မတန်လည်းပဲ မှတ်သားစရာကောင်းလို့ ဘုန်းကြီးတို့ ဒီတရားတော်ကို ဟောပေးတာပါ။ ဒီတရားတော်ကို ဒီကျောင်းမှာလဲ ဟောပြီးပါပြီ။ အခြားနေရာ အတော်များများလည်း ဟောပြီးပါပြီ"

ဒီတရားတော်ဟာ အင်မတန် ထိတ်လန့် သံဝေဂဖြစ်ဖွယ် တရားတော် တစ်ပုဒ်ပါ။ နာကြည့်မှလည်း သိမှာပါ။

## တရားဖြစ်လာပုံ

ဒီတရားဖြစ်လာပုံကို ပြောရမည်ဆိုလျှင် ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အခိုက်မှာ ဖြစ်ပေါ်လာတဲ့ တရားတော်ပါ။ အကြောင်းအရာ အကျဉ်းချုပ်ကို ပြောမှ သဘောပေါက်ပါလိမ့်မယ်။

သာဝတ္ထိပြည်မှာ မိသားစု တစ်စုရှိပါတယ်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို အင်မတန် ကြည်ညိုကြပါတယ်။ ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်ကံတွေကို ကြိုးစားပြုလုပ်နေကြတဲ့မိသားစုပါ။

ကုသိုလ်ကောင်းမှုရဲ့ အကျိုးကျေးဇူးတွေ ကိုယ်တွေ့မျက်မြင် သိနေကြသူတွေပါ။ ကုသိုလ်ကောင်းမှုတွေကို မပြုလုပ်ရခြင်းရဲ့ အပြစ်တွေကိုလည်း သူတို့ မိသားစုက သိရှိနားလည်ကြပါတယ်။

http://www.dhammadownload.com



ပြီးတော့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ကြည်ညို ဆည်းကပ်ရတဲ့ အကျိုးကျေးဇူးတွေကိုလည်း မျက်မြင်ကိုယ်တွေ့ သူတို့ သိနေကြပါတယ်။

## စဉ်းစားကြသည်

အဲဒီ မိသားစုက စဉ်းစားတယ်၊ ဘယ်လိုစဉ်းစားလဲဆိုတော့ အေး–တို့ကတော့ ဘာပဲပြောနေနေ ဒီဘဝအနေနဲ့ နေကျိုးလည်း နပ်ပြီ၊ သေကျိုးလည်း နပ်ပြီ၊ မျက်မှောက်ချမ်းသာလည်းရပြီ၊ တမလွန်ဘဝ နောက်လောကမှာလည်း အပါယ်မကျနိုင်တော့ဘူး၊ တို့မှာ ဒါန သီလ သမထ ဝိပဿနာကုသိုလ် ကောင်းမှုတွေ ရှိတယ်၊ တို့ ရတနာသုံးပါးလည်း ကိုးကွယ်ဆည်းကပ်ကြတယ်။

တို့အနေနဲ့ အနေလည်း ကောင်း၍ အသေလည်းကောင်း နိုင်ပြီး ဘဝကောင်း ဂတိကောင်းသို့လည်း အရောက်ကောင်း အနေနဲ့ ကောင်းကောင်းရောက်နိုင်တယ်။

အေး–တို့ကတော့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လို့ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်ကောင်းမှု ကံတွေ ပြုလုပ်လို့ မျက်မှောက်ဘဝမှာလည်း ချမ်းသာလို့ တမလွန်ဘဝ နောက်လောကအတွက်လည်း ဘာမျှကြောက်စရာမလို တော့ဘူး။ တို့ကောင်းမှုနဲ့ လျော်တဲ့ ချမ်းသာကတော့ ရမှာ သေချာတယ်။

http://www.dhammadownload.com



ဒါကြောင့် တို့အတွက်တော့ မျက်မှောက် တမလွန် နှစ်တန် နှစ်ဘ၀ နှစ်လောကအတွက် အေးပြီး ပူစရာမရှိတော့ပြီ တို့အဖေ အတွက်တော့ ပူစရာရှိတယ်။

ဟုတ်တယ်၊ တို့အဖေဟာ ဟို တက္ကသိုလ်ပြည်မှာ ဘုရားလည်း သူမသိဘူး၊ တရားလည်း သူမသိဘူး၊ သံဃာလည်း သူ မသိဘူး၊ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်ကောင်းမှု တွေလည်း သူ မသိဘူး။

တက္ကသိုလ်ပြည်မှာက သာသနာ မထွန်းကားတော့ ရတနာ သုံးပါးလည်း သူမသိ၊ ကုသိုလ်ကောင်းမှုတွေလည်း သူ့မှာမရှိ ဖြစ်နေတယ်။

သာဝတ္ထိပြည်ဆိုတာ အင်မတန်ကောင်းပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းအများဆုံး သုံးခဲ့တဲ့ ပြည်ပါ၊ သာဝတ္ထိ ပြည်သူပြည်သားတွေကလည်း ဘယ်လောက်လဲလို့ ဆိုလျှင် တွက်ကြည့်ပါ။

သာဝတ္ထိပြည်မှာရှိတဲ့ လူတွေကို (၇)ပုံ ပုံလိုက်ပါ။ (၅)ပုံဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာတွေပါတဲ့၊ ကျန်တဲ့ (၂)ပုံကို ထပ်ပြီး (၃)ပုံ ပုံလိုက်ပါ၊ အဲ–(၃)ပုံ (၂)ပုံတို့ဟာ ကလျာဏ ပုထုဇဉ်တွေပါတဲ့၊ အန္ဓပုထုဇဉ်ဟာ (၁)ပုံပဲ ကျန်ပါတော့တယ်။

အန္ဓပုထုဇဉ်ဆိုတာက ပရိယတ်အသိလည်း မရှိ၊ ပဋိပတ် ဆိုတဲ့ အကျင့်သိလည်း မရှိ၊ ရုပ်နာမ်ခန္ဓာ အာယတနဓာတ် သစ္စာတို့ကိုလည်း မသိသူတွေကို ခေါ်ပါတယ်။

http://www.dhammadownload.com



အဲဒီလို ရုပ်နာမ်ခန္ဓာ အာယတနဓာတ်သစ္စာနှင့် ပတ်သက်ပြီး ပရိယတ်ခေါ်တဲ့ သင်သိလည်း မရှိ၊ ပဋိပတ်လို့ခေါ်တဲ့ ကျင့်သိလည်း မရှိသူတွေဟာ ဘုန်းကြီးတို့မြန်မာနိုင်ငံမှာလည်း အများကြီး ရှိနေပါတယ်။ အန္ဓပုထုဇဉ်ကတော င် ပိုများနေပါတယ်။

အေး-ရုပ်မှန်း နာမ်မှန်း မသိရုံတင်မကဘဲ ရုပ်သံ နာမ်သံတောင် မကြားဘူး၊ ကိုယ်တိုင်လည်း ရုပ်နာမ်သိအောင် အားထုတ်မှု မရှိသူတွေကို အန္ဓပုထုဇဉ်လို့ ခေါ်တယ်။

## ဉာဏ် ၃-ဉာဏ်

အခုလို တရားတော်တွေ နာကြားလို့ စာအုပ်တွေဖတ်လို့ သိတဲ့ အသိဉာဏ်က သုတမယဉာဏ်ခေါ်တယ်၊ အဲဒီသုတမယ ဉာဏ်ကိုမှီပြီး စဉ်းစားလို့ သိတာက စိန္တာမယဉာဏ်လို့ ခေါ်တယ်၊ သုတစိန္တာ နှစ်ဉာဏ်ကိုမှီပြီး ပွားများအားထုတ်လို့ သိတာက ဘာဝနာ မယဉာဏ်လို့ ခေါ်တယ်။ အဲဒီ သုံးဉာဏ်ကို ခြုံပြီး ပြောလျှင် သင်သိနှင့် ကျင့်သိပါပဲ။ သင်သိ ကျင့်သိ အသိနှစ်ခု မရှိသူကို အန္ဓ ပုထုဇဉ်လို့ ခေါ်ပါတယ်။

အေး-တို့က ဗုဒ္ဓဘာသာပဲဆိုပြီး အချောင် ဂုဏ်ယူနေရုံနဲ့ မပြီးသေးပါဘူး။ သိသင့်သိထိုက်တာ သင်ပါဦး၊ ကျင့်သင့်ကျင့် ထိုက်တာ ကျင့်ကြပါဦး။

http://www.dhammadownload.com



## သက်သေဆွမ်း

ဟို–သာဝတ္ထိပြည်ကိုပြန်ပြီး အာရုံပြုပြီး ပြန်ကြည့်လိုက်ပါဦး၊ သာဝတ္ထိပြည်သူ ပြည်သားတွေဟာ အင်မတန် ကံကောင်းပါတယ်၊ ခုနကပြောခဲ့တဲ့ မိသားစုက အင်း–တို့ကတော့ ကံကောင်းတယ်၊ ငါတို့အဖေက ဟိုတက္ကသိုလ်ပြည်မှာ ဘုရားလည်းမသိ၊ တရား လည်းမသိ၊ သံဃာလည်းမသိ၊ ဒါန သီလ သမထ ဝိပဿနာလည်း သူ့မှာမရှိ၊ သူ့မှာ ဘာကုသိုလ်မှလည်း မရှိ၊ အရွယ်ကလည်းကြီးပြီ။

အင်း–တို့အဖေ သေခါမှ တိုအဖေကိုရည်မှန်းပြီး သက်သေဆွမ်းကျွေး အနေနဲ့ကျွေးပြီး ဆွမ်းသွတ်ပြီးတော့ အမျှဝေရမှာက ရဖို့ရာကမသေချာဘူး၊ အခြားကုသိုလ်တွေပြုပြီး အမျှဝေလည်း ဒီနည်းအတူပဲ မသေချာဘူး၊ မှန်ပါတယ်၊ သေသွားတဲ့ပုဂ္ဂိုလ်က ဘယ်ဘုံ ဘယ်ဘဝ ဘယ်လောကသို့ ရောက်နေတယ်ဆိုတာ ကိုယ်မှ တိကျစွာ မသိရ မပြောပြနိုင်တာ။

အဲဒီလို အတိအကျ မသိရ မပြောပြနိုင်တော့ သူ့ကိုရည်မှန်းပြီး သက်သေဆွမ်းကျွေး အမျှဝေတဲ့အခါ သူရပါမယ်လို့ အသေအချာ မပြောပြနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုလျှင် ကိုယ်တိုင် မမြင်ရမသိရလို့ပါဘဲ။

http://www.dhammadownload.com



## သက်ရှင်ဆွမ်း

သေခါမှ သေသူကို ရည်မှန်းပြီး သက်သေဆွမ်းကျွေးတာနဲ့ မသေခင် အသက်ရှင်မည့် ရည်မှန်းပြီး သက်ရှင်ဆွမ်းကျွေးတာ ဘယ်ဟာက သေချာသလဲဆိုတာ ဉာဏ်နှင့်ကြည့်ပါ။ အသက်ရှင်မည့် ရည်မှန်းပြီး သက်ရှင်ဆွမ်းကျွေးတာက သေချာပါတယ်။

အဲဒါကြောင့် သာဝတ္ထိပြည်က မိသားစုက "ငါတို့ဟာ ငါတို့အဖေ သေခါမှ သက်သေဆွမ်းကျွေးရတာထက် အသက်ရှင်စဉ် အသက်ရှင်ဆွမ်း ကျွေးတာက အကျိုးကြီးမြတ်တယ်။ တို့အဖေကို တက္ကသိုလ်ပြည်မှ သာဝတ္ထိပြည်သို့ခေါ်မယ်"လို့ စဉ်းစားပြီး တက္ကသိုလ်ပြည်က သူတို့အဖေကို သာဝတ္ထိပြည်သို့ ခေါ်တယ်။

## သားသမီး ၃–မျိုး

ဒီနေရာမှာ မှတ်သားစရာကောင်းတဲ့ သားသမီး ၃–မျိုး အကြောင်းကို ဘုန်းကြီးတို့ ပြောပြပါမယ်၊ သားသမီး ၃–မျိုးက–

(၁) အဝဇာတ သားသမီး၊

(၂) အနုဇာတ သားသမီး၊

(၃) အတိဇာတ သားသမီး

ရယ်လို့ သားသမီး ၃–မျိုးရှိပါတယ်။ အဲဒီ ၃–မျိုးမှာ–

http://www.dhammadownload.com



(၁) **အဝဇာတ** သားသမီးဆိုတာ မိဘအောက် သီလ၊ သမာဓိ၊ ပညာ အောက်ကျ၊ အသိအလိမ္မာ ဉာဏ်ပညာအောက် ကျတဲ့ သားသမီးကိုခေါ်တယ်။

(၂) **အနုဇာတ** သားသမီးဆိုတာ မိဘနှင့် သီလ သမာဓိ ပညာတန်းတူ အသိအလိမ္မာ ဉာဏ်ပညာတန်းတူတဲ့ သားသမီးကို ခေါ်တယ်။

(၃) မိဘထက် သီလ သမာဓိ ပညာ သာတဲ့ အသိ အလိမ္မာ ဉာဏ်ပညာသာတဲ့ သားသမီးကို **အတိဇာတ** သားသမီး လို့ ခေါ်တယ်။

ဒီခေတ်မှာ ဘယ်လိုသားသမီးတွေ များသလဲလို့မေးလို့ရှိရင် အဝဇာတ သားသမီးတွေ များတယ်လို့ပဲ ပြောရမှာပဲ။

အခု ဒီသာဝတ္ထိပြည်မှာ ရှိနေကြတဲ့ သားသမီးတွေ ကတော့ ဘာသားသမီးတွေလဲဆိုလျှင် အတိဇာတ သားသမီး တွေပါ။

အဲဒီ သားသမီးတွေဟာ မိဘထက် သီလ သမာဓိ ပညာ အသိအလိမ္မာ ဉာဏ်ပညာ သာကြတယ်၊ သူတို့က ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်လို့ ဒါန သီလ သမထ ဝိပဿနာ တွေ ပွားလို့ သူတို့အဖေကြီးကတော့ အသက်(၈၀)ကျော် (၉၀) အရွယ်ရောက်နေပြီ၊ ရတနာသုံးပါးလည်း မသိဘူး၊ ဒါန သီလ သမထ ဝိပဿနာကုသိုလ်လည်း မရှိဘူး။

http://www.dhammadownload.com



အဲဒီလို သူတို့အဖေရဲ့ အခြေအနေကိုသိတဲ့ သားသမီးတွေက တို့အဖေဟာ ယခုလက်ရှိ အခြေအနေအတိုင်း သေလျှင်တော့ အပါယ်လေးဘုံ တစ်ဘုံဘုံတော့ သွားမှာပဲလို့ စဉ်းစားတယ်၊ ဟုတ်တယ်လေ၊ ကုသိုလ်ကောင်းမှု မရှိလျှင် အပါယ်သွားမှာပဲ။

ကုသိုလ်ရှိတော့မှ ကုသိုလ်ကံအားလျော်စွာ လူနတ် နိဗ္ဗာန် သုံးတန် ချမ်းသာကို ရမှာ။

## အမျှဝေတိုင်း မရ

အေး–သားသမီးတွေက စဉ်းစားတယ်၊ ငါတို့အဖေသေတာ ဒီကနေပြီး ရည်မှန်းပြီး ကုသိုလ်ပြုပြု၊ ဟိုတက္ကသိုလ်ပြည်သွားပြီး ကုသိုလ်ပြုပြု၊ အဲဒီလို ကုသိုလ်ပြုပြီး အမျှဝေမယ်လို့ မသေခင်က ကုသိုလ်ကောင်းမှု ပါမသွားတဲ့ပုဂ္ဂိုလ်ဟာ ဒီကုသိုလ်ကို သိပြီး သာဓုမခေါ်နိုင်ပါဘူး။

ဟုတ်တယ်လေ၊ အမျှဝေတိုင်း သာဓုခေါ်နိုင်တာ မဟုတ်ဘူး၊ အမျှဝေတိုင်း မရဘူး၊ သာဓုခေါ်နိုင်တဲ့ပုဂ္ဂိုလ်မှ ခေါ်နိုင်တာ၊ သာဓု မခေါ်နိုင်တဲ့ပုဂ္ဂိုလ်ကျတော့ ကုသိုလ်ပြုပြီး အမျှဝေမယ်လို့ မခေါ်နိုင်ပါဘူး။

## ကပ်လှူနိုင်တယ်

အဲ–သာဝတ္ထိပြည်က မိသားစုက သူတို့အဖေကြီးကို တက္ကသိုလ်ပြည်မှ သာဝတ္ထိပြည်သို့ ခေါ်လာတယ်၊ ငါတို့အဖေကြီး

http://www.dhammadownload.com



ကို ရည်မှန်းပြီးတော့ သက်ရှင်ဆွမ်းကျွေးမယ်တဲ့၊ သူတို့အဖေ သာဝတ္ထိပြည်သို့ ရောက်တယ်ဆိုလျှင် ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တွေကို သွားပြီးတော့ ပင့်တယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တွေ ကြွလာတဲ့ အခါမှာ အိမ်ပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် သူတို့အဖေကြီးကို ခေါ်ပြီး "အဖေ–ဘုရားအမှူးရှိတဲ့ သံဃာတွေကို ရှိခိုးပါ"လို့ ရှိခိုးခိုင်းတယ်။

ပြီးတော့ အဖေ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေ ဆွမ်းကပ်ပါလို့ဆိုပြီး ဆွမ်းကပ်ခိုင်းတယ်၊ ဒီတော့ သူတို့အဖေကြီးဟာ ကိုယ်တိုင်ရှိခိုးရတဲ့ကုသိုလ်၊ ကိုယ်တိုင် ဆွမ်းကပ်ရတဲ့ ကုသိုလ်တွေ အသက်ရှင်ဖို့ ရတာပေါ့။

သေသေချာချာကြည့်လျှင် အဖေကြီးက ကလေးသဖွယ်၊ သားသမီးသဖွယ် ဖြစ်နေတယ်၊ သားသမီးတွေက မိဘသဖွယ် ဖြစ်နေတယ်။

## သက်ရှင်ဆွမ်းကျွေး

တက္ကသိုလ်က ရောက်လာတဲ့ အဘိုးကြီးခမျာလည်း တွေ့ရ၊ မြင်ရသမျှ အာရုံတွေက သူ့အတွက် အသစ်အဆန်း ဖြစ်နေတယ်။ သားသမီးတွေ ခိုင်းသမျှ လိုက်လုပ်နေရတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အနုမောဒနာတရားတော် ဟောခါနီးမှာ သားသမီး

http://www.dhammadownload.com



တွေက သူတို့အဖေကို "အဖေ–ရှေ့တိုးပါ" လို့ ဘုရားရှင်ရှေ့သို့ အရောက် အတိုးခိုင်းပြီး ဘုရားရှင်ကို လျှောက်ထားတယ်။

"မြတ်စွာဘုရား–ဘုရားတပည့်တော်တို့ ဒီကနေ့ကျွေးတဲ့ ဆွမ်းဟာ မြတ်စွာဘုရားရှေ့မှာထိုင်နေတဲ့ ဘုရားတပည့်တော်တို့ရဲ့ အဖေကို ရည်မှန်းပြီး ကျွေးတဲ့ **သက်ရှင်ဆွမ်း**ပါဘုရား၊ အဲဒါကြောင့် မြတ်စွာဘုရားသည် တပည့်တော်တို့ အဖေကိုပဲ ရည်မှန်းထားပြီး တော့ တရားဟောပေးတော်မူပါဘုရား"

## တူနေမှုနှင့်ထူးခြားမှု

ဘုန်းကြီးတို့ ဒီ သက်ရှင်ဆွမ်းကျွေး တရားတော်ကို ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ မွေးနေ့အလှူမင်္ဂလာ အကြို ပွဲမှာ ဟောပေးရတာ မူလက ဘုရားရှင် သက်ရှင်ဆွမ်းကျွေး တရားတော် ဟောစဉ်ကနှင့် အတော်များများတူနေလို့လို့ နောက်က အကြောင်းပြခဲ့ပါတယ်။

ယခု တူပုံကို ရှင်းကြစို့ဆိုလျှင် ကျောင်းအစ်မကြီး ဒေါ်စိန် တင်ရဲ့ မန္တလေးရှိ သားသမီးများ၊ ရန်ကုန်ရှိ သားသမီးများ၊ တောင်စွန်းရှိ သားသမီးများက တို့အမေကို အသက်ထင်ရှားရှိစဉ် လှူဒါန်းစေမယ်၊ ဆွမ်းကျွေးစေမယ်ဆိုပြီး မန္တလေး၊ ရန်ကုန်၊ တောင်စွန်းရှိ သားသမီးများ စုပေါင်းပြီး မိခင်ကြီးအား လှူကြ တယ်၊ မိခင်ကြီး ဒေါ်စိန်တင်က သူပိုင်ငွေနှင့် သားသမီးများ

http://www.dhammadownload.com



လှူဒါန်းငွေကို စုပေါင်းပြီး ဒီကနေ့ ဓမ္မဒူတတောရရှိ သံဃာတော်များနှင့် ဧည့်ပရိသတ်များအား နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ဆက်ကပ်လှူဒါန်းပါတယ်။

ပြီးတော့ တစ်နှစ်လျှင်တစ်ရက်၊ တစ်ရက်မှာ နံနက်ဆွမ်းအတွက် တစ်ရာကျပ်၊ နေ့ဆွမ်းအတွက် တစ်ရာကျပ်၊ ရာသက်ပန်လှူဒါန်းနိုင်အောင် (၂၁၀၀) နှစ်ထောင့်တစ်ရာကျပ် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပါတယ်၊ ပြီးတော့ ကျောင်းသို့ ရောက်ရှိလာသူ မည်သူမဆို သောက်သုံးရန် သောက်ရေအိုးစင် တည်ထားလှူဒါန်းပါတယ်၊ ပြီးတော့ (၁၅၀၀) တစ်ထောင့်ငါးရာကျပ်တန် အုတ်တံတိုင်းတစ်ခန်းလည်း လှူဒါန်းပါတယ်။

အဲဒါက ဘုရားရှင်လက်ထက်က သက်ရှင်ဆွမ်းကျွေးနှင့် အနည်းငယ်တူပုံပါ၊ မတူပုံက ဟိုတက္ကသိုလ်ပြည်က သာသနာမထွန်းကားဘူး။ ဟိုဒါယကာကြီးက ရတနာသုံးပါးဆိုတာ မသိဘူး။ ဒါန, သီလ, သမထ, ဝိပဿနာဆိုတာ သူ့မှာ မရှိဘူး။

ဒီ ဘုန်းကြီးတို့ တောင်စွန်းဆိုတာက သာသနာ ထွန်းကားတယ်၊ အိမ်ခြေပေါင်း (၂၂၁၉) အိမ်သာရှိတဲ့ တောင်စွန်းမှာ ကျောင်းပေါင်းက ၂၁–ကျောင်းရှိတယ်၊ သံဃာတော်ပေါင်း ၂၈၀ ကျော်ရှိတယ်၊ တောင်စွန်းမှာ ဘုံမဟာကထိန်တရားပွဲရှိတယ်၊ စာပြန်ပွဲ တရားပွဲရှိတယ်၊ ဆယ်ရက်စခန်း တရားပွဲရှိတယ်၊ ဝါတွင်း ဥပုသ်တရားပွဲရှိတယ်။

http://www.dhammadownload.com



ကျောင်းအစ်မကြီး ဒေါ်စိန်တင်ကလည်း ဒါန, သီလ ဘာဝနာ ကုသိုလ်တရားတွေ ကြိုးစားတယ်၊ ကျောင်းသို့အမြဲ ရောက်တယ်၊ သူတို့အိမ်ကလည်း ဘုန်းကြီးတို့ ဓမ္မဒူတတောရ ကျောင်းက သံဃာတော်များရဲ့ ခရီးသွား ဆွမ်းဘုဉ်းပေးရာ ဆွမ်းစားကျောင်းသဖွယ် ဖြစ်နေပါတယ်။

## ထပ်ဆင့်အားပေး

အဲဒီလို မူလက ကုသိုလ်ဝါသနာပါပြီး ဒါန သီလ ဘာဝနာ ကုသိုလ်များကို စုံလင်အောင် ကြိုးစားနေတဲ့ မိခင်ကြီးအား ကုသိုလ်ဝါသနာပါသူ လိမ္မာသူသားသမီးများက စုပေါင်းစုဆောင်းပြီး မိမိတို့ကိုယ်တိုင် လာကာ မိခင်ကြီးအား မွေးနေ့မင်္ဂလာ ကုသိုလ် ပြုနိုင်ရန် ထပ်ဆင့်အားပေးလှူဒါန်းတော့ ကုသိုလ်ဝါသနာပါတဲ့ မိခင်ကြီးအတွက် ကုသိုလ်ပြုအား သိပ်ပြီးကောင်းသွားတာပေါ့။

သားသမီးများမှာလည်း မိခင်ကြီးကို အမှီပြုပြီး မိခင်ကြီး ပြုတဲ့ ကျောင်းအတွက် လိုအပ်တဲ့ကုသိုလ်တွေထပ်ပြီး ပြုရပြန် တော့ နှစ်ပြည့်ကုသိုလ် ဖြစ်ကြပါတယ်။

ဟို–သက်ရှင်ဆွမ်းကျွေးက သားသမီးများက သူတို့အဖေကြီး ရည်မှန်းပြီး ကျွေးတယ်၊ သားသမီးများမှာ ကုသိုလ်တစ်ခုပဲဖြစ်ပါ တယ်၊ အဘိုးကြီးမှာလည်း သားသမီးများ ပြုပေးတဲ့ ကုသိုလ်ပဲ ရှိပါတယ်၊ သူ့အနေနှင့် ဒါနကုသိုလ်ပါဝင်မှု မရှိပါဘူး။

http://www.dhammadownload.com



ဒီမှာက မိခင်ကြီးကိုယ်တိုင် လှူတဲ့ဒါန၊ သားသမီးများက လှူပေးစေတဲ့ ဒါနကို ကျောင်းအစ်မကြီး ဒေါ်စိန်တင်မှာ ကုသိုလ်နှစ်ခုဖြစ်သလို သားသမီးများမှာလည်း မိခင်ကြီးအတွက် လှူပေးတဲ့ ဒါန၊ မိမိတို့ကိုယ်တိုင် မိမိတို့အတွက် လှူဒါန်းတဲ့ ဒါနရယ်လို့ နှစ်ခုဖြစ်ပါတယ်၊ အဲဒီအချက်ဟာ ဘုရားရှင်လက်ထက်က သက်ရှင်ဆွမ်းကျွေးနဲ့ ထူးခြားချက်ပါပဲ။

## သေခါမှ လာမှာလား

ကဲ–ပြောပါရစေဦး၊ ယခု လူ့ဘဝမှာ အသက်ထင်ရှားရှိစဉ် ကျောင်းကိုလည်း မသွားဘူး၊ ဘုရားကိုလည်း မသွားဘူး၊ ကိုယ့်အိမ်မှာရှိတဲ့ ဘုရားတောင် ကိုယ်မရောက်ဘူးဆိုတဲ့ လူတွေ အများကြီးရှိပါတယ်။

ပြီးတော့ ဒါနလည်းမပြုဘူး၊ သီလလည်း မဆောက်တည်ဘူး၊ တရားလည်း မနာမကြားဘူး၊ တရားလည်းအားမထုတ်ဘူး၊ အများနေနေ အမှတ်တမဲ့ပဲနေကြပါတယ်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပဲ နေကြပါတယ်။

အခုလို အလှူဒါနပြုတဲ့အခါ သီးခြားတရားပွဲ ကျင်းပတဲ့အခါမှာ တစ်ရွာလုံး တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံးဆိုသလို တရားနာ ဖိတ်ပါတယ်၊ အဲ–ခုနကပြောခဲ့တဲ့ အများနေနေတဲ့ သူတွေ တရားနာ လာကြသလားဆိုလျှင် မလာကြပါဘူး၊ ဘယ်သူတွေ

http://www.dhammadownload.com



လာကြသလဲဆိုလျှင် အများမဆန် တရားမှန်ကို အားသန်ကျင့်လိုသူ အနည်းစုသာ လာကြပါတယ်။

ကဲ-သဘော စဉ်းစားကြည့်ပါ၊ အသက်ထင်ရှားရှိစဉ်တုန်းက တောင် ကျောင်းလည်းမသွား၊ ဘုရားလည်းမသွား၊ ကုသိုလ်လည်းမပြု၊ တရားလည်းမနာသူတို့ဟာ သေခါမှ "ဘယ်သူရေ ကြွပါ၊ ဘုန်းကြီးကြွလာပြီ၊ တရားနာရအောင်"လို့ ဖိတ်တဲ့အခါ လာပါ့မလား စဉ်းစားကြည့်ပါ။

ဘုန်းကြီးကတော့ ဘယ်တော့မှလာမယ်မထင်ဘူးလို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲ၊ တရားပွဲလာတယ်ဆိုတာ တရားနာဝါသနာပါသူ အနည်းငယ်သာ လာလို့ပါ။

## သေသူနှင့် သေမည့်သူ

ဒါကြောင့် သေခါမှ သေသူကို ရည်မှန်းပြီး သက်ပျောက်ဆွမ်း၊ မြေဆင်းဆွမ်း၊ ရက်လည်ဆွမ်း စတဲ့ သက်သေဆွမ်းကျွေးပြီး တရားနာဖိတ်ပြီး နာခိုင်းတာနဲ့ ယခုလို မသေခင်က သေမည့်သူကို ရည်မှန်းပြီး သက်ရှင်ဆွမ်းကျွေးပြီး တရားနာခိုင်းရာဟာ ဘယ်ဟာအကျိုးကြီးသလဲဆိုလျှင် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပါတယ်။

သေမည့်သူဆိုတာ ဘယ်သူတွေလဲဆိုလျှင် ဘုန်းကြီးတို့နှင့်တကွ ဘုန်းကြီးတို့ ပရိသတ်တွေဟာ သေမည့်သူတွေပါ။ အဲဒီ

http://www.dhammadownload.com



သေမည့်သူတွေဟာ ကိုယ့်ကိုယ်အတွက်လည်း ကိုယ်ရည်ရွယ်ပြီး ကုသိုလ်ပြုပါ၊ ကိုယ်နှင့်ပတ်သက်တဲ့ ကိုယ့်အပေါ်မှာ ကျေးဇူးရှိတဲ့ သူတွေကိုလည်း ရည်မှန်းပြီးတော့ ကုသိုလ်ပြုပေးကြပါ။

## သာဓုခေါ်နိုင်တယ်ဆိုတာ

အေး–အမျှဝေလို့ သာဓုခေါ်နိုင်တယ်ဆိုတာ သေမည့်သူတွေကသာ အသေအချာ အတိအကျ သာဓုခေါ်နိုင်ပါတယ်၊ ရတနာ သုံးပါးလည်း မကြည်ညို၊ ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုလည်း မရှိသူတွေမှာ သာဓုခေါ်နိုင်ဖို့ မလွယ်ပါဘူး။

ပြီးတော့ ရတနာသုံးပါးကြည်ညိုတယ်၊ ဒါန, သီလ, ဘာဝနာကုသိုလ်ကောင်းမှုတွေလည်း ပြုတယ်၊ ဒါပေမယ်လို့ သေခါနီးမှာ သားသမီးပစ္စည်းစသည့် မစွဲသင့်သည်များကို စွဲလမ်းပြီး ပြိတ္တာ ဖြစ်သွားခါမှ မှားမှန်းသိပြီး “အင်း–ငါတို့ကို ဘယ်သူတွေကများ ရည်မှန်းပြီးတော့ ကုသိုလ်ကောင်းမှုပြုကာ အမျှဝေပါ့မလဲ ဆိုပြီး အမျှဝေပေးမည့်သူကို လိုက်ရှာပြီး သာဓုခေါ်နိုင်တယ်ဆိုတာ မှတ်ထားပါ။

ခုနကပြောခဲ့တဲ့ ရတနာသုံးပါးလည်း မကြည်ညို၊ ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်ကောင်းမှုလည်း မပြုမလုပ်ဘဲ မေ့လျော့ပေါ့ဆနေသူ ပုဂ္ဂိုလ်မျိုးကျတော့ ဒီလူ့ဘဝက မိဘ

http://www.dhammadownload.com



ဆွေမျိုးများက သူတို့ကို ရည်မှန်းပြီး ကုသိုလ်ကောင်းမှုပြုမှန်းလည်း မသိဘူး၊ သိပေမယ့်လည်း သာဓုမခေါ်နိုင်လို့ ကျွတ်မှာမဟုတ်ဘူး။

## မသေခင်ကြိုတင်ပြု

အဲဒါကြောင့် ကုသိုလ်ကောင်းမှုဆိုတာ ယခုလို မသေခင် ကြိုတင်ပြုတာ စိတ်အချရဆုံးပါ။ မသေခင်နှင့်သေမှ အဲဒီနှစ်မျိုးဟာ ဘယ်အချိန်မှာ ကုသိုလ်ပြုဖို့အရေးကြီးသလဲဆိုလျှင် မသေခင် အရေးကြီးပါတယ်။

ပြီးတော့ ယခုလိုအသက်ထင်ရှားရှိစဉ် ကိုယ်တိုင်ပြုတာနဲ့ သေသွားခါမှ ကျန်ခဲ့တဲ့သူတွေက ပြုပြီးခါမှ အမျှဝေတာ ဘယ်ဟာက သေချာသလဲဆိုလျှင် ကိုယ်တိုင်ပြုတာက သေချာပါတယ်။

ဟုတ်တယ်လေ၊ ကိုယ်တိုင်ပြုလျှင် ကုသိုလ်အလုံးစုံ ကိုယ်တိုင်ပြုလို့ ကိုယ်တိုင် အကုန်ရပါတယ်။

သေမှ သူများတွေပြုပြီး အမျှဝေတဲ့ကုသိုလ်က သူများတွေ ကုသိုလ်ရပြီး ရတဲ့ကုသိုလ်ကို မျှတ ပေးတာလေးကို ကိုယ်က သာဓုခေါ်နိုင်မှ ရတာပါ။

## မျှယူမလား

အခုနေ ဘုန်းကြီးတို့က ဘုန်းကြီးတို့ပရိသတ်ကို သူများတွေ ပြုပြီးလို့ ရရှိတဲ့ ကုသိုလ်ကောင်းမှုကို မျှပေးတာ ယူမလား၊

http://www.dhammadownload.com



ကိုယ့်တာသာကိုယ် အပြည့်အ၀ ကုသိုလ်ကောင်းမှု ပြုယူမလားလို့ မေးလျှင်တော့ ကိုယ်တိုင် ပြုယူပါ့မယ်လို့ ဖြေမှာပါပဲ။

တကယ်တော့ မျှပေးတာပဲ စောင့်ယူနေကြတာ များပါတယ်၊ အမျှပေးတယ်ဆိုတာလည်း သူ့မှာ မျှပေးစရာ ကုသိုလ်ကောင်းမှု ရှိဦးမှ မျှပေးလို့ရမှာ၊ သူကိုယ်တိုင်က ကုသိုလ်ကောင်းမှု မပြု တတ်လို့ သူ့မှာ ကုသိုလ်ကောင်းမှု များများစားစား မရှိလျှင် အမျှ–အမျှဆိုပြီး မျှပေးသော်လည်း မရနိုင်ပါဘူး။

အဲဒီအကြောင်းကို သာကေတစ်ခုအနေနှင့် ပြောရလျှင် ရှေးက မုဆိုးကြီးတစ်ယောက်ရှိပါတယ်။ အေး...သူကလည်း မုဆိုးဆိုတော့ အကျင့်သိက္ခာ မရှိဘူး၊ ကူပင့်ပြီး ဆွမ်းသွတ် လှူဒါန်းတဲ့ အလှူခံပုဂ္ဂိုလ်ကလည်း အကျင့်သီလ မရှိဘူး။

အဲဒီလို အလှူပေး အလှူခံ နှစ်ဦးစလုံး သီလမရှိတဲ့အတွက် ဆွမ်းသွတ်ပြီး အမျှဝေသော်လည်း ဟို...သေသွားသူမှာ မရ ပါဘူး၊ ဒုတိယအကြိမ် ဝေလည်း မရပါဘူး၊ အဲ...တတိယ အကြိမ် ဝေတော့ ငါးဥစ္စာတွေကို လှူမဟုတ်တဲ့ ရဟန်း ဒုသီလက လုယူသွားတယ်လို့ ပြောပါတယ်။

## ရနိုင်တယ်ဆိုတာ

အမျှဝေလို့ ရနိုင်တယ်ဆိုတာ ဒီက ကုသိုလ်ပြုပြီး ကုသိုလ် ရလို့ အမျှဝေတတ်လို့ ဝေရမယ်၊ တို့ကလည်း အကုသိုလ်နည်းပြီး သာဓုခေါ်နိုင်လို့ သာဓုခေါ်မှ ရနိုင်ပါတယ်။

http://www.dhammadownload.com



အေး...အမျှဝေလို့ ရနိုင်တယ်ဆိုတာ ဝေသူ, အဝေခံရသူ နှစ်ဦးနှစ်ဖက် အင်္ဂါညီညွတ်မှ ရနိုင်တယ်ဆိုတာ သေသေချာချာ မှတ်ထားပါ။

## သက်ရှင်ဆွမ်းကျွေး

ကဲ...အဲဒီလို သေချာမသေချာကို သိတဲ့ သာဝတ္ထိပြည်က မိသားစုက 'ငါတို့ရဲ့ဖခင် အိုမင်းချေပြီ'၊ 'ငါတို့၏ ဖခင်ကြီးရဲ့ နတ်ရွာနိဗ္ဗာန်အကျိုးငှာ သက်ရှင်ဆွမ်းကျွေး အလှူကို ပေးလှူကြကုန်စို့'လို့ စဉ်းစားပြီး သူတို့ဖခင်ကို တက္ကသိုလ်ပြည်က ခေါ်ယူပြီး ဘုရားအမှူးရှိတဲ့ သံဃာများကို ပင့်ပြီး ဆွမ်းကပ်လှူဒါန်းကြပါတယ်၊ ဆွမ်းကပ်ပြီးတဲ့အခါ...

> "မြတ်စွာဘုရား...၊ ဘုရားတပည့်တော်တို့သည် ဖခင်ကြီးအတွက် ဤ သက်ရှင်ဆွမ်းကျွေး အလှူကို လှူဒါန်းပါတယ် ဘုရား၊ ဘုရားတပည့်တော်တို့၏ ဖခင်ကြီး အကျိုးငှာ ဖခင်ကြီးကိုပဲ ရည်မှန်းပြီး အနုမောဒနာတရား ဟောပေးတော်မူပါဘုရား"

လို့ လျှောက်ထားပါတယ်၊ အဲဒီလို လျှောက်ထားတဲ့အခါ ဘုရားရှင်ဟာ...

> "ဥပါသကာ...သင်သည် အရွယ်ကြီးရင့်နေပြီ၊ မှည့်ရင့်သော ကိုယ်ရှိနေပြီ၊ ယခုအခါ သင်သည်

http://www.dhammadownload.com



ဖျော့တော့သော အဆင်းရှိသော ဖက်ရွက်ရော်နှင့် တူနေလေပြီ”

လို့ အမိန့်ရှိပါတယ်။

ကဲ...လူတွေ အရွယ်ယိုယွင်း အိုမင်းတဲ့အခါ ‘မှည့်နေပြီ၊ ရင့်နေပြီ’လို့ ပြောကြတာကို သတိထားပါ၊ သစ်ပင်ပေါ်က သစ်ရွက်တွေ မှည့်ဝါဝင်းနေလျှင် ကြွေကျတော့မယ်။

အေး...လူတွေလည်း အိုမင်းရင့်ရော်နေလျှင် မှည့်ပျော်နေလျှင် လူ့ဘုံဘဝကနေပြီး ကြွေကျပြီး သုသာန်မြေသို့ ခ,ကြရတော့မယ်။

အေး...ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်လည်း အခု အသက်(၇၀)ဆိုတော့ မှည့်ဝါဝင်းနေပြီနော်၊ ဖက်ရွက်ကလေးတွေ မှည့်ဝါဝင်းနေလျှင် ခုလား တော်တော်ကြာလား။ နေ့လား, ညလား မပြောနိုင်သလို ကျောင်းအစ်မကြီးလည်း မှည့်ဝါဝင်းနေလို့ နေ့လား, ညလား မပြောနိုင်ပါ၊ အဲဒီလို ကြွေကျနီးဖြစ်နေတဲ့ အိုမင်းမစွမ်း ဖြစ်နေသူနှင့် ငယ်ရွယ်သူတို့မှာ ဘယ်သူက ကုသိုလ်ကို ‘ပိုပြီး အရေးကြီးသလဲ’ဆိုတာ သိတဲ့ ကျောင်းအစ်မကြီး ကိုယ်တိုင်နှင့် သားသမီးများက ယနေ့ သက်ရှင်ဆွမ်းကျွေးပြီး မွေးနေ့ကုသိုလ် ပြုလုပ်ကြတာပါ။

ဟုတ်ပါတယ်၊ အသက်အရွယ် ကြီးရင့်သူ ဆိုတာ ဥတုအများလည်း မခံနိုင်ပါ။ ‘အစာအာဟာရ အများလည်း မခံနိုင်’

http://www.dhammadownload.com



ပါ၊ အနေအထိုင် အသွားအလာ အများလည်း မခံနိုင်ပါ၊ တစ်ချက် ချက်များလျှင် ကြွေကျပြီး သုသာန်မြေ ခ,ပါလိမ့်မယ်။

## သေမင်းတမန်

ဒါ့ကြောင့် အဘိုးကြီးတွေ အဘွားကြီးတွေ ရာသီဥတု၊ အစာအာဟာရ၊ အနေအထိုင်ကို အထူးသဖြင့် ဆင်ခြင်ပါ၊ ပြီးတော့ ဘုရားရှင်က "အို...ဥပါသကာ သေမင်းရဲ့ တမန် ယောကျ်ား တို့သည်လည်း သင် ဥပါသကာရဲ့ အနီး၌ကပ်ကာ ရပ်တည်လာ ကုန်ပြီ"လို့ ဟောပြန်ပါတယ်။

## သေမင်းတမန်တွဲ

ကဲ...အိုမင်းမစွမ်း ပုဂ္ဂိုလ်ကို ဘယ်တော့များ သေမင်း တမန်က ခေါ်မလဲလို့ မပြောနိုင်ပါ၊ တမန်ဆိုတာ အဲဒီ အိုမင်း မစွမ်း ရှိသူရဲ့ တာဝန်ကို တာဝန်ယူ ဆောင်ရွက်မှာလား၊ မရဏ ရှင်သေမင်းရဲ့ တာဝန်ကို တာဝန်ယူ ဆောင်ရွက်မှာလား ဆိုတာ စဉ်းစားကြည့်ပါ။

မရဏ ရှင်သေမင်းက သေမင်းတမန်တွေ လွှတ်ထားတယ်၊ သွားတဲ့ချေ၊ ဘယ်အဘိုးကြီးကို ဘယ်နေ့ ဘယ်အချိန်မှာ ခေါ် ချေ၊ ဘယ်အမယ်ကြီးကို ဘယ်နေ့ ဘယ်အချိန်မှာ ခေါ်ချေ၊ ဘယ်ရောဂါနဲ့ ခေါ်ချေ၊ ဘယ်သုသာန်မှာ ချချေလို့ အမည်တွေ ရွတ်ပြီး ခိုင်းနေတယ်။

http://www.dhammadownload.com



အေး…သေမင်းတမန်တွေကလည်း သူတို့ တာဝန်ကို သူတို့ ကျေပွန်စွာ ထမ်းဆောင်နေကြတယ်၊ ဘုန်းကြီးတို့ ကျောင်း အစ်မကြီးနဲ့ ပရိသတ်တွေကတော့ ပေ့ါပေ့ါနေချင် နေမယ်၊ ဟိုက တမန်တွေကတော့ မပေ့ါဘူးနော်။

အေး…အဲဒါကို သိစေချင်လို့ ဘုရားရှင်က ဟိုအဘိုးကြီး ကို "ဥပါသကာ သေမင်းရဲ့ တမန် ယောက်ျားတို့သည်လည်း သင် ဒါယကာကြီးရဲ့ အနီးအနား ကပ်ကာ ရပ်တည်လာကြ လေကုန်ပြီ"လို့ မိန့်တာပါ။

တမန်တို့ သူလျှိုတို့ဆိုတာ သူတို့ကို ကိုယ်က သိဖို့ မလွယ် ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က လျှို့ဝှက်ပြီး တမန် အလုပ်, သူလျှိုအလုပ်ကို လုပ်ပြီး သက်ဆိုင်ရာ မရဏ ရှင်သေ မင်းထံသို့ အစီရင်ခံနေကြတာပါ။

ဘယ်လို အစီရင်ခံလဲ ဆိုလျှင်… မရဏ ရှင်သေမင်းကြီး ဘယ်အဘိုးကြီးကို ဘယ်ရောဂါနဲ့ ဘယ်နေ့ ဘယ်ရက်မှာ ဘယ် သုသာန် အရောက် ခေါ်သင့်ပါတယ် စသည်ဖြင့် အစီရင်ခံနေ ကြတာပါ၊ မိမိတို့ဘာသာ အမှတ်မဲ့ နေကြတာပါ။ အဲဒီ တမန် တွေ သူလျှိုတွေက အမှတ်မဲ့ မနေကြပါ။

ကဲ…ဘုန်းကြီးတို့ တောင်စွန်းမှာ သူလျှိုတွေ စုံထောက် တွေ မရှိနိုင်ဘူးလား ဆိုလျှင် ရှိနိုင်ပါတယ်၊ သူတို့က ငါတို့ဟာ သူလျှိုတွေ စုံထောက်တွေပဲလို့ လက်မ,ထောင်ပြီးတော့ မပြော တော့ မသိကြပါဘူး။

http://www.dhammadownload.com



အေး...ခုလည်းပဲ အဲဒီလို သဘောပါပဲ၊ သေမင်းတမန်ကို မရဏ ရှင်သေမင်းကြီးက လွှတ်ထားတယ်၊ သူကလည်း သူ့ရဲ့ စုံစမ်း ထောက်လှမ်းမှုကို အစဉ်တစိုက် ဆောင်ရွက်နေတယ်၊ ကျောင်းအစ်မကြီးတို့နှင့် ဘုန်းကြီးတို့ကတော့ မသိကြပါဘူး။

## သေမင်းအာဝ

ပြီးတော့ ဘုရားရှင်က "အို...ဥပါသကာ၊ သင် ဥပါသကာ သည် အသက် အိုမင်းယိုယွင်း ဆုတ်ယုတ်သည်ဖြစ်၍ သေမင်း ရဲ့ အာဝ,၌သာလျှင် တည်ခဲ့ရလေပြီတကား"လို့ မိန့်ကြားလိုက် ပြန်ပါတယ်။

ကဲ...ဟို အဘိုးကြီးကို...သင်ဟာ သေမင်းရဲ့ အာဝ,၌ တည်နေရလေပြီတဲ့၊ သေမင်း အာဝ,၌ တည်နေရတော့ သေမင်း က ပါးစပ် ဟလိုက်,ဖွင့်လိုက်တဲ့အခါ အဆင်သင့်ပဲ သေမင်း ပါးစပ်ထဲသို့ စားဖတ်, ဝါးဖတ်အဖြစ်နဲ့ ဝင်ရတော့မယ်ဆိုတာ သေချာနေပါတယ်။

အဲဒီလောက် မရဏရှင်သေမင်းနဲ့ နီးနေတာ၊ ခြေလှမ်းနဲ့ ပြောမယ် ဆိုလျှင် နှစ်လှမ်း, သုံးလှမ်းစာတောင် မရှိဘဲ ခြေ တစ်လှမ်းစာတောင် မရှိပါ၊ အဲဒီတော့ အပြေး ဝင်ရမလား၊ ဖြည်းဖြည်း ဝင်ရမလားဆိုတာ စဉ်းစားသာကြည့်ပါ။

သေရွာသွားတယ်ဆိုတာ မိမိအလိုကျ သွားရတာ မဟုတ်ပါ၊ မိမိ အလိုကျတော့ သေရွာကို သွားကို မသွားချင်ပါဘူး၊ မသွား

http://www.dhammadownload.com



မဖြစ်လို့ သွားရလျှင်လည်း ဖြည်းဖြည်းပဲ သွားချင်တယ်၊ အခု သွားရမှာက ရှင်သေမင်းက ခေါ်လို့ သွားရမှာဆိုတော့ အပြေး သွားရမှာပါ၊ ဖြည်းဖြည်းမဟုတ်ပါ။

အဲဒီလို သေမင်းအထံ အပြေးသွားရမည့် သေမင်းရဲ့ပါးစပ် ဝ,မှာ တည်နေတဲ့သူဟာ ပေါ့ပေါ့နေလို့ မဖြစ်ဘူးလို့ ဘုရားရှင် မိန့်တော်မူတာပါ။

## ရိက္ခာမရှိပြီ

ပြီးတော့ ဘုရားရှင်က "အို...ဥပါသကာ၊ တမလွန်ဘဝ နောက်လောကသို့ ပြေးဝင်သွားသော သင်ဒါယကာအား ကုသိုလ် ကောင်းမှုတည်းဟူသော ရိက္ခာထုပ်သည်လည်း လုံးလုံးပင် မရှိ သေးပါတကား"လို့ မိန့်တော်မူပြန်ပါတယ်။

ဟုတ်တယ်လေ၊ ခရီးသွားသူအား ဆန် အစရှိသော ရိက္ခာ ထုပ် လိုသကဲ့သို့ တမလွန်ဘဝ နောက်လောကသို့ သွားအံ့သော သင်ဒါယကာအား ကုသိုလ်ရိက္ခာထုပ်သည်လည်း မရှိသေးပါ တကားလို့ မိန့်တော်မူပါတယ်။

ဘုန်းကြီးတို့... ပကတိ ခရီးသွားကြတယ်၊ တောင်စွန်းက နေ ရန်ကုန်သွား၊ ရန်ကုန်ကနေ မန္တလေးသွား၊ ဟို နိုင်ငံ ရပ်ခြား တိုင်းတစ်ပါးသို့ သွားကြတယ်၊ ခရီးဝေးသွားလျှင် ဝေး သလောက် ရှည်လျှင် ရှည်သလောက် လမ်းစာ ရိက္ခာထုပ်ဟာ

http://www.dhammadownload.com



လိုအပ်ပါတယ်။ ခရီးရှည် သွားတဲ့အခါ စားစရာ၊ ဝတ်စရာ၊ ခြုံရုံစရာ၊ လမ်းစရိတ်မပါလျှင် ခရီးတစ်လျှောက် အောက်ကျ နောက်ကျနဲ့ အတော်ကို ဆင်းရဲပါတယ်၊ အဲဒါ ယခု ဒီခရီးတွေက သိပ်ဝေးတာ မဟုတ်သေးဘူး။

## အများကြီးလိုသည်

ပကတိ ခရီး သိပ်မဝေး၊ သိပ်မရှည်တာတောင် ရိက္ခာ ဒီလောက်လိုလာလျှင် သံသရာခရီး ဆိုတာ အလွန်တရာ ရှည်လျားလှပါတယ်။ ဟို...ဉဗ္ဗိရီထေရီ ဝတ္ထုမှာ ကြည့်စမ်း၊ ဉဗ္ဗိရီထေရီ အလောင်းအလျာ ဘဝက သူ့သမီး ဇီဝန္တီ သေလို့ သုသာန်သွားပြီး ငိုနေတာ။

မြတ်စွာဘုရားက ဩကာသ ရောင်ခြည်တော်လွှတ်ပြီး သူ့ အနားမှာ တည်နေဘိသကဲ့သို့ ဖြစ်ပြီး၊ "ချစ်သမီး ဉဗ္ဗိရီ... သင်သည် သမီး ဇီဝန္တီ လို့ခေါ်ပြီး အော်ငိုနေတယ်၊ ဒီနေရာမှာ မြှုပ်ထားတဲ့ သင့်သမီး ဇီဝန္တီ ပေါင်း ၈၄၀၀၀ တို့တွင် အဘယ် ဇီဝန္တီကို ခေါ်ပြီး အော်ငိုနေသလဲ"လို့ မေးလိုက်တဲ့အခါမှာ ဉဗ္ဗိရီ ဟာ ထိတ်လန့်သံဝေဂ ဖြစ်သွားပါတယ်။

ဟုတ်တာပေါ့၊ သုသာန်တစ်ခုတည်း ဒီနေရာတစ်ခုတည်း မှာပဲ ဇီဝန္တီဆိုတဲ့ အမည်တစ်မျိုးတည်းနဲ့ သေခဲ့ရတဲ့ သူ့သမီး တွေ ရှစ်သောင်း လေးထောင်တောင် ရှိပြီဆိုတော့ အခြားအမည်

http://www.dhammadownload.com



တွေ ထည့်လိုက်လျှင် ဘယ်မှာ ရေတွက်နိုင်တော့မှာလဲ။

အဲဒါကြောင့် သံသရာခရီးဟာ ဘယ်လောက်ရှည်သလဲ ဆိုတာ မှန်းဆနိုင်ပါပြီ၊ အဲဒီလို ရှည်တာကို မှန်းဆနိုင်လျှင် ကိုယ့်အတွက် လိုအပ်တဲ့ သံသရာရိက္ခာထုပ်ဟာလည်း ဘယ်လောက် လိုသလဲလို့ မှန်းဆနိုင်ပါပြီ။

ယခု ဘုန်းတော်ကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်နှင့် မိသားစုတို့ဟာ ဒီသဘောကို ပေါက်ကြလို့ မွေးနေ့မင်္ဂလာ ကုသိုလ်များအဖြစ် ဒါနကုသိုလ်ရိက္ခာ၊ ဘာဝနာကုသိုလ်ရိက္ခာ ထုပ်တွေ ထုပ်ပိုးကြတာပါပဲ၊ သံသရာခရီး ရှည်လျားတာနှင့် စာလျှင် မိမိတို့ရဲ့ ရိက္ခာထုပ်တွေဟာ မများသေးပါဘူး။

ဘုန်းကြီးတို့ ပရိသတ်တွေဟာ ကိုယ့်ကိုယ်ကို သနားပါတယ်၊ ချစ်ခင်ပါတယ်ဆိုလျှင် ဒါနရိက္ခာစုရမယ်၊ သီလရိက္ခာ စုရမယ်၊ သမထရိက္ခာ စုရမယ်၊ ဝိပဿနာ ဘာဝနာရိက္ခာ စုရမယ်။ စုတော့ ဘယ်လောက်စုရမှာလဲဆိုလျှင် များများစုရ ပါမယ်၊ ဘာဖြစ်လို့လဲမေးလျှင် သံသရာခရီးက ရှည်လွန်းလို့ပါ။

မိမိတို့ ဒီဘဝမှာ ဒီလောက် နေနိုင် ထိုင်နိုင် လှူဒါန်း ပေးကမ်းနိုင်တာဟာ ဟိုအတိတ်ဘဝများစွာ ဒါန, သီလ, သမထ, ဝိပဿနာဆိုတဲ့ ကုသိုလ်ရိက္ခာထုပ်တွေ ပါခဲ့လို့ပါ။

ဒါပေမယ့်လို့ သတိထားကြည့်လျှင် အများနှင့် နှိုင်းယှဉ် တာကို အသာထားပါဦး၊ မိမိတို့ မိသားစုထဲမှာပဲ နှိုင်းယှဉ်

http://www.dhammadownload.com



ကြည့်ပါ၊ တစ်ယောက်နှင့်တစ်ယောက် အကျိုးပေးခြင်း မတူကြပါ။

အဲဒါ ဘာ့ကြောင့်မတူသလဲ ဆိုလျှင် စုခဲ့တဲ့ရိက္ခာ၊ ပါလာခဲ့တဲ့ ရိက္ခာထုပ်ချင်း မတူကြလို့ပါ။ ပါလာတဲ့ ရိက္ခာထုပ် အားလျော်စွာ အကျိုးပေးကြရတာပါ။

အေး...ရိက္ခာထုပ် များများစားစား မပါလာတဲ့သူတွေမှာ စားဝတ်နေရေး ကျန်းမာရေး ပညာရေး စသည်အားလုံး ချို့တဲ့ကြပါတယ်။

## ခိုးကမိုဆိုးသည်

ဆင်းရဲတော့ ချို့တဲ့တော့ သူများပစ္စည်းခိုးလျှင် ပိုဆိုးပါတယ်၊ သူများဥစ္စာ ခိုးမိပါမှု 'ဥစ္စာနည်းမွဲ'တဲ့၊ ခိုးတုန်းက မရှိလို့ ဥစ္စာနည်းလို့ မွဲလို့ခိုးတာ၊ ခိုးလို့ရလာတဲ့အခိုက်မှာတော့ ဟုတ်သလိုလိုပါပဲ။

နောက်တော့ အဲဒီခိုးမိတဲ့ အကုသိုလ်ကံကြောင့် ဆင်းရဲတယ်၊ မွဲတယ်၊ ငတ်တယ်၊ အလိုရှိတာတွေလည်း ရှာလို့မရတော့ဘူး။

ရှာဖွေလို့ရပြီးသား စီးပွားဥစ္စာတွေကိုလည်း ရေမီး သူခိုး မွေခံဆိုးနှင့် မင်းဆိုးအပြား ရန်သူမျိုး ငါးပါးတို့ကြောင့် ပျက်စီးရပါတယ်။

http://www.dhammadownload.com



အေး...နိုးတုန်းက မွဲဖို့နိုးတာ မဟုတ်ပါ။ ဌေးကြွယ်ဖို့ နိုးတာပါ၊ နိုးမှု အကုသိုလ်ကံ အကျိုးပေးတော့ အပြစ်တွေ အင်မတန် ကြောက်စရာကောင်းပါတယ်။

မိမိတို့မှာ ကုသိုလ်ရိက္ခာထုပ် မရှိလျှင် မွဲပါတယ်၊ ချို့တဲ့ ပါတယ်၊ သူများပစ္စည်း နိုးလျှင်လည်း ချို့တဲ့ပါတယ်၊ မွဲပါတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေဟာ ဟိုတက္ကသိုလ်က အဘိုးကြီး ကို ဘုရားရှင်ဟောတဲ့ တရားတော်ကို နာနေရတာ အင်မတန် အကျိုးကြီးပါတယ်၊ အဘိုးကြီးမှာ တမလွန်ဘဝ နောက်လောက အတွက် ရိက္ခာမရှိဘူးတဲ့။

ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်မှာတော့ သူ ကိုယ်တိုင် စုဆောင်းထားတဲ့ ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်ရိက္ခာတွေလည်း မနည်းပါဘူး၊ ယခု သားသမီးများက သက်ရှင်ဆွမ်း ကျွေးစေပြီး လှူစေတဲ့ ကုသိုလ် ရိက္ခာတွေလည်း မနည်းပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ကျောင်းအစ်မကြီးနဲ့ ဟိုအဘိုးကြီးနဲ့ ရိက္ခာမရှိ, ရိက္ခာရှိအနေနဲ့ ကွဲပြားပါတယ်၊ မတူပါဘူး။

## မှီရာကုသိုလ်

ပြီးတော့ ဘုရားရှင်က အဲဒီ အဘိုးအိုကို "အို...ဥပါသကာ၊ သင်ဥပါသကာ ဒါယကာသည် မိမိရဲ့မှီရာ ကျွန်းကြီးသဖွယ်

http://www.dhammadownload.com



ဖြစ်သော ကုသိုလ်ကိုအချိန်မီ ပြုလုပ်ပါလော့”လို့ တိုက်တွန်း ဟောကြားပြန်ပါတယ်။

ဟုတ်ပါတယ်၊ ပင်လယ်သမုဒ္ဒရာ၌ လှေတို့၊ သင်္ဘောတို့ ပျက်စီးတဲ့အခါ အလယ်ကောင်မှာရှိတဲ့ ကျွန်းဟာ မှီခိုရာ ဖြစ်သလို သံသရာရေယဉ် မျောပါနေသူတို့မှာလည်း ကုသိုလ်တည်းဟူသော မှီရာကျွန်း ရှိရပါမယ်။

ဒီကနေ့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ဟာ မိမိအတွက် မှီရာကျွန်းကြီးသဖွယ် မွေးနေ့ကုသိုလ် မင်္ဂလာ ကျွန်းကြီးကို ပြုလုပ်နေပါတယ်။

ဘုရားရှင်က ကျွန်းတူမှီရာကုသိုလ်ကို အချိန်မီ ပြုလော့လို့ ဟိုဥပါသကာ ဒကာကြီးကို ဟောတာ မသေမီ ပြုလော့လို့ ပြောတာပဲ၊ သေမှပြုတာက သေသူပြုတာ မဟုတ်ဘူး၊ ကျန်ရစ် သူတွေပြုတာ၊ ကျန်ရစ်သူတွေပဲ ရမှာပေါ့၊ သူတို့က ကိုယ့်ကို အမျှဝေလို့ ကိုယ်ကလည်း သိလို့ သာဓုခေါ်နိုင်မှရမှာ၊ ဒါကြောင့် သူများ ကုသိုလ်ပြုပြီးမှ မိမိကို အမျှဝေတဲ့ ကုသိုလ်ဟာ မိမိ အတွက် မသေချာပါဘူး။

## သေသူ့မလှူနိုင်

ဘုန်းကြီးတို့တွေ့ရတယ်၊ အချို့သူတွေဟာ သေသူရဲ့ လုံချည် စသည်တို့ကို ကန့်လန့်ကာချုပ်၊ နေရာထိုင်ခင်းချုပ်ပြီး သေသူရဲ့

http://www.dhammadownload.com



နာမည်တပ်ကာ ကွယ်လွန်သူ မည်သူ မည်ဝါ ကောင်းမှုလို့ ဆိုင်းဘုတ်တပ်ပြီး လှူကြတယ်၊ အဲဒီပစ္စည်းတွေကို သေသူက သင်္ချိုင်းကုန်းက လာလှူတာလား၊ စဉ်းစားကြည့်ပါ။

သေသူရဲ့ အဝတ်တွေကို ထိုင်ခင်း၊ ကန့်လန့်ကာ စသည် ချုပ်လှူတာဟာ ကျန်တဲ့သူရဲ့ အလှူပါ၊ သေသူရဲ့အလှူ မဟုတ်ပါ၊ သေသူမလှူနိုင်ပါ။

သေသူက သေသွားတာနဲ့ တစ်ပြိုင်နက် သေသူပိုင်တဲ့ ပစ္စည်းတွေကို ကျန်တဲ့သူတွေသာ ပိုင်ပါတယ်၊ ကျန်တဲ့သူတွေ ပိုင်တဲ့ပစ္စည်းကို ကျန်တဲ့သူတွေကလှူတော့ ကျန်တဲ့လူတွေပဲ ကုသိုလ်ရပါတယ်၊ အဲဒီကျန်တဲ့သူတွေက ရတဲ့ကုသိုလ်ကို သေသူ အား ပေးဝေမှ သေသူရမှာပါ။

အဲဒါကြောင့် ဘုရားရှင်က ကုသိုလ်ကို လျှင်မြန်စွာ ပြုလုပ်ပါ၊ ကုသိုလ်မိုရာရှိမှ ပညာရှိဖြစ်မယ်လို့ ဟောပါတယ်၊ ဟုတ်တယ် လေ...ဘုန်းကြီးတို့ တစ်တွေဟာ တစ်နေ့ကျရင် သေကြရမှာ သေချာပါတယ်။ အဲဒီလို သေကြရမှာဖြစ်လို့ မသေမီ အချိန်မီ ကျွန်းတူမှီရာ ကုသိုလ်တွေကို အားပါးတရ ဝမ်းပန်းတသာ ပြုလုပ် ကြရပါတယ်။

## သေချိန်မမှန်

ဘုန်းကြီးတို့မှာ ယခုအချိန်သည် အချိန် ရှိသေးတယ်၊ အချိန်မီပါသေးတယ်၊ သေတယ် ဆိုတာဟာ ငယ်ငယ်လည်း

http://www.dhammadownload.com



သေတာပါပဲ၊ အလယ်အလတ်တွေလည်း သေတာပါပဲ၊ အတော်ကြီးမှလည်း သေတာပါပဲ၊ သေချိန်မမှန်ပါဘူး။

သေတယ်ဆိုတာ အသက်ကုန်လို့လည်း သေပါတယ်၊ ကံကုန်လို့လည်း သေပါတယ်၊ အသက်.ကံ နှစ်ပါးကုန်လို့လည်း သေပါတယ်၊ ကံတစ်ပါး ဖြတ်လို့လည်း သေပါတယ်။

အဲဒီလို သေကြောင်းတွေက ရှိနေတော့ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်အရွယ်မှာ ဘယ်သေကြောင်းနဲ့ သေရမယ်ဆိုတာ မပြောနိုင်တဲ့အတွက် ကုသိုလ်မှိုရာကို ငယ်ငယ်ရွယ်ရွယ် လတ်လတ်ကြီးကြီး လူတန်းစားအသီးသီး ကြိုတင်ပြုသင့်ပါတယ်။

မိမိတို့ရှေ့မှာ အရွယ်အစားစား လူတန်းစား အသီးသီး သေကျေပျက်စီးသွားကြတာ မိမိတို့မျက်မြင်မို့ အင်မတန် သံဝေဂ ဖြစ်စရာ ကောင်းပါတယ်။

အဲဒီ သေသွားသူတွေကို လေ့လာကြည့်ရင် သူတို့မှာ ဘာမှ မည်မည်ရရ ကုသိုလ်ရိက္ခာထုပ်တွေ ပါမသွားတာကို ပြန်တွေ့ ပါလိမ့်မယ်။

အင်း...အဲဒီသဘောတွေကို ကြည့်ပြီး သူတို့သာ ဒီလို ဖြစ်တာ ငါတို့မှာ ဒီလိုမဖြစ်ဘူးလို့ တွက်ဆပြီး မေ့မေ့လျော့လျော့ မနေကြပါနဲ့၊ မိမိလည်း သူတို့လို ခန္ဓာရှိလို့ သူတို့လိုပဲ ဖြစ်နိုင်ပါတယ်။ သူတို့နေသလိုနေရင် မိမိမှာလည်း ရိက္ခာပါမှာ မဟုတ်ပါဘူး။

http://www.dhammadownload.com



# ပညာရှိဖြစ်မည်

ဘုန်းကြီးတို့ ပရိသတ်တွေ သတိထားဖို့က ကုသိုလ်မှီရာရှိသူမှ ပညာရှိဖြစ်မယ်ဆိုတာကို သတိထားပါ။ ဟုတ်ပါတယ်၊ ပညာရှိ ပညာရှိဆိုတာက စာတတ် ပေတတ်ကို ခေါ်တာမဟုတ်ပါဘူး၊ အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုး ကုသိုလ် အကုသိုလ် ပယ်သင့်ယူသင့် စသည်ကို ခွဲခြားသိသူကို ခေါ်ပါတယ်။

ယခု မိမိတို့ လောကထဲမှာ သင်ကြားလို့ တတ်လာလို့ စာတတ် ပေတတ်လို့ ခေါ်တယ်၊ ပညာရှိလို့ မခေါ်နိုင်သေးဘူး၊ စာတွေပေတွေ တတ်တာကို ပညာတတ်လို့ပဲ ခေါ်ပါတယ်၊ ပညာရှိလို့ မခေါ်နိုင်သေးပါဘူး။

စာမတတ်ပေမယ့်လို့ အမှားအမှန် အကြောင်းအကျိုး ကုသိုလ် အကုသိုလ် ပယ်သင့်ယူသင့် စသည်ကို သိသူမှ ပညာရှိ ခေါ်ပါတယ်၊ အဲဒါကြောင့် ပညာရှင်နဲ့ ပညာရှိကွဲဖို့ လိုပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေဟာ ပညာတတ် အဖြစ်နဲ့ ရောင့်ရဲတင်းတိမ်ပြီး မနေကြပါနဲ့ဦး၊ ပညာရှိဖြစ် အောင် ကြိုးစားပြီး မိမိအတွက် အကျိုးများ အကျိုးရှိ ဖြစ်အောင် သံသရာ ရိက္ခာထုပ်ဖြစ်တဲ့ ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်ရိက္ခာ ထုပ်တွေကို အချိန်မီ ထုပ်ပါ။

http://www.dhammadownload.com



စာတတ် ပေတတ်က ကုသိုလ် ရိက္ခာထုပ်ကို ထုပ်ချင်မှ ထုပ်မယ်နော်၊ ပညာရှိကတော့ ကုသိုလ်ရိက္ခာထုပ်တွေကို ထုပ်ကို ထုပ်တယ်၊ ဘုန်းကြီးတို့ ပရိသတ်တွေ နောင်တဆိုတာ နောင်မှ တ,တာနော်၊ ယခု တ,တာ မဟုတ်ဘူး၊ ဘုရားရှင် ယခု ဟောနေတာ အဲဒီနောင်တ, မတ,ရအောင် ဟောတာပါ။

## သုခါရောက်မည်

ပြီးတော့ ဘုရားရှင်ဟာ ဟို...တက္ကသိုလ်က အဘိုးကြီးကို ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်သစ္စာနဲ့ ပတ်သက်တဲ့ တရားစကားတွေလည်း ဟောပါတယ်၊ ဥပါသကာ ဒါယကာကြီး မိမိရဲ့ ကိုယ်မှာ ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားပဲ ရှိပါတယ်၊ အဲဒီ ရုပ်နာမ်ဒုက္ခကို မြင်အောင် သေသေချာချာ ဉာဏ်ပညာမျက်စိဖြင့် ကြည့်ရှုပါ။

မိမိအတွက် ကုသိုလ်မှီရာကိုပြုသဖြင့် ပညာရှိဖြစ်စေပါ၊ သေတွင်းသေဝသို့ မရောက်မီ ယခုလိုပြုနိုင်စွမ်း ရှိတဲ့အခါ ကုသိုလ်ပြုတဲ့သူသည်သာ ပညာရှိ မည်ပါတယ်၊ အဲဒီကဲ့သို့သော ပညာရှိဖြစ်စေရမယ်၊ မိုက်ကန်းတဲ့ အန္ဓဗာလ လူမိုက်ကြီး မဖြစ်စေရဘူး။

ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားတို့ကိုသိသော် မြင်သော် သိမြင်သော် ပညာရှိဖြစ်မည်၊ ဤသို့ ပညာရှိဖြစ်သည်ရှိသော်

http://www.dhammadownload.com



ထုတ်အပ်ပြီးသော ရာဂ အစရှိသော အညစ်အကြေးရှိသည် ဖြစ်၍ ကိလေသာ အညစ်အကြေး ကင်းသည်ဖြစ်၍ အရိယာတို့၏ နေရာဖြစ်သော သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံသို့ ကေန်မသွေ ရောက်ရပေလတ္တံ့လို့ ဘုရားရှင်က ဆက်ဟောပါတယ်။

အဲဒီဒကာကြီးလည်း သံဝေဂတရားတွေ ဖြစ်ပွားပြီး ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားတို့ကို သိမြင်အောင် ကြိုးစားအားထုတ်ရာ အဲဒီ သက်ရှင်ဆွမ်းကျွေးပွဲ တရားပွဲအပြီးမှာ သောတာပန် ဖြစ်သွားပါတယ်။

အဲဒါ မသေခင် အချိန်မီ ကုသိုလ်ရိက္ခာထုပ် ထုပ်ပြီး တရားနာရလို့ သောတာပန် ဖြစ်သွားတာပါ၊ သေခါမှ သေသူကို ရည်မှန်းပြီး သပိတ် အလုံးတစ်ရာလောက်သွတ်သော်လည်း သောတာပန် မဖြစ်နိုင်ပါဘူး။

အေး...အခု သက်ရှင်ဆွမ်းကျွေး တစ်နှစ်ပဲကျွေးပြီး တရားနာလိုက်တာ သောတာပန် ဖြစ်သွားပြီ။ သောတာပန် ဖြစ်သွားပြီဆိုတော့ သေရင် အပါယ်မကျတော့ပါ၊ သောတာပန်ဖြစ်သွားတယ်ဆိုရင် အဘိုးကြီးမှာ ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲသွားပြီ၊ ဘုရား တရား သံဃာ ရတနာ သုံးပါးကိုလည်း မတုန်မလှုပ် သက်ဝင်ကြည်ညိုသွားပါပြီ၊ တရားတော်ကို အလွန် ချစ်မြတ်နိုး သွားပြီ။

အဲဒီတော့ အဘိုးကြီးရဲ့ အနေအထိုင် အပြောအဆို အမူအရာစသည်တို့ဟာ အကုန်လုံး ပြောင်းသွားပြီ၊ တရားသိရင်

http://www.dhammadownload.com



ကိုယ်နှုတ်စိတ် အမူအရာတို့ဟာ ပြောင်းကိုပြောင်းသွားပါတယ်၊ တရားသိပါတယ်ဆိုရင် ပြောင်းပါတယ်၊ မပြောင်းရင် တရား မသိလို့ပါ။

## သားသမီးများဝမ်းသာ

သားသမီးများက ဩော်…တို့အဖေကြီးကို တို့တစ်ကြိမ်ပဲ ရည်မှန်းပြီး သက်ရှင်ဆွမ်းကျွေး ကျွေးပြီး တရားနာလိုက်တာ ရှေးကနှင့်မတူ အမူအရာများ အများကြီး ထူးသွားပြီ။

တို့အဖေဟာ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ကြည်ညိုပြီး သူကိုယ်တိုင် ဒါန သီလ ဘာဝနာ ကုသိုလ်များ ကြိုးစားပြီး တရားနှင့် ပျော်မွေ့နေပြီ၊ တစ်ကြိမ် သက်ရှင်ဆွမ်းကျွေး ကျွေးပြီး တရားနာတာတောင် ဒီမျှလောက် အကျိုးကြီးပါရင် နောက်တစ်ကြိမ်လောက်သာ ကျွေးပြီး တရားနာရပါရင် အဘယ်မျှ လောက် အကျိုးများမလဲ မသိဘူးလို့ တွေးတောကာ ဝမ်းသာ နေကြပါတယ်။

ခု ဒီမှာလည်း ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင် ရဲ့ သားသမီးများလည်း မိမိတို့ရဲ့ ကျေးဇူးရှင် မိခင်ကြီးကို ရည်မှန်းပြီး သက်ရှင်ဆွမ်းကျွေးပြီး မွေးနေ့ကုသိုလ် မင်္ဂလာ ပြုနေရတာ ပျော်တပြုံးပြုံး ဝမ်းသာမဆုံးပါဘဲ။ မနှစ်ကပြီးတော့ ဒီနှစ်အတွက်၊ ဒီနှစ်ပြီးတော့ လာမည့်နှစ်အတွက် မျှော်ပြီးတော့ ဝမ်းသာနေကြတယ်။

http://www.dhammadownload.com



ကျောင်းအစ်မကြီး ဒေါ်စိန်တင် ကိုယ်တိုင်ကလည်း ပင်ကိုက ကုသိုလ်ဝါသနာပါသူဆိုတော့ စိတ်တိုင်းကျ ကုသိုလ်ပြုရတော့ ဝမ်းသာမဆုံး တပြုံးပြုံးပါပဲ။

## ပင့်ဖြန့်ပြီ

အေး...ခုနက သာဝတ္ထိပြည်က မိသားစုတို့ဟာ သူတို့ရဲ့ အဖေကြီး အမူအရာပြောင်းသွားပြီ၊ ကုသိုလ်ဝါသနာ ပါသွားတာကို ဝမ်းသာပြီး၊ နောက်တစ်ကြိမ် ကျွေးဦးမယ်ဆိုပြီး ဘုရားအမှူးရှိတဲ့ သံဃာများကို ဒုတိယအကြိမ် ပင့်ဖြန့်ပါတယ်၊ ရှေးဆွမ်းကျွေးနဲ့ နောက်ဆွမ်းကျွေး ရက်, လ, ဘယ်လောက် ကွာလဲလို့တော့ အတိအကျ မသိပါဘူး။

အေး...ဘုရားရှင်နှင့် သံဃာတော်များ ကြွလာတဲ့အခါမှာတော့ အဘိုးကြီးဟာ တိုက်တွန်းစရာ မလိုတော့ဘဲ ကိုယ်တိုင်ရှိခိုးပါတယ်၊ မိသားစုက ဆွမ်းကိုလည်း အဘိုးကြီးကိုပဲ ကပ်လှူစေပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတော့ မိသားစုက မြတ်စွာဘုရားကို လျှောက်ထားပြန်ပါတယ်။

"မြတ်စွာဘုရား...ဒီတစ်ခါ ကျွေးတဲ့ ဆွမ်းလည်း ဘုရားတပည့်တော်တို့ရဲ့ ဖခင်ကြီးအား ရည်မှန်းပြီး ကျွေးတဲ့ သက်ရှင်ဆွမ်းကျွေးပါ ဘုရား၊ ဒါကြောင့် ဘုရားတပည့်တော်တို့ရဲ့ ဒီဖခင်ကြီးကိုပဲ ရည်မှန်းပြီး တရားပေးတော်မူပါ ဘုရား"လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားပြန်ပါတယ်။

http://www.dhammadownload.com



တော်တော် ဉာဏ်ပညာ အမြော်အမြင်ကြီးတဲ့ သားသမီးတွေပဲ၊ အဲဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားရှင်ကလည်း သူ့ရှေ့မှာ ထိုင်နေတဲ့ အဘိုးကြီးကိုပဲ ကြည့်ပြီးတော့ ပုဂ္ဂလဝိဒ္ဓာန်ပဲ တရားတော်များကို ဟောပေးပြန်ပါတယ်၊ ဘယ်လိုဟောလဲဆိုတော့...

"အို...ဒါယကာ...သင် ဒါယကာကြီးသည် ယခုအခါ၌ ပထမ, ဒုတိယ, တတိယဆိုတဲ့ အရွယ်သုံးပါးကို လွန်သွားကွေကွင်းပြီး သေမင်းရဲ့ ခံတွင်းအဝ၌ တည်နေ ဖြစ်ခဲ့လေပြီ"လို့ ဟောပါတယ်။

အေး...ဒီနေရာမှာ အရွယ်လွန်တယ်ဆိုတာက ဘုန်းကြီးတို့ ယခုခေတ်အနေနဲ့ ပြောမယ်ဆိုရင် အသက်တမ်းဟာ (၇၄)နှစ်ကျော်ကျော်လောက်ပဲ ရှိပါတော့တယ်၊ (၇၅)နှစ်တောင် မရှိတော့ပါဘူး၊ အဲဒီတော့ (၇၅)နှစ် (၇၆)နှစ် စသည်ရှိတဲ့ ပုဂ္ဂိုလ်တွေကို အသက်တမ်းကျော်တဲ့ ပုဂ္ဂိုလ်တွေ အရွယ်လွန်တဲ့ ပုဂ္ဂိုလ်တွေလို့ ခေါ်ပါတယ်။

အဲဒီလို အသက်တမ်းကျော် အရွယ်လွန်ပြီးတော့ နေရတာ အင်မတန် ကံကောင်းပါတယ်၊ အဲဒီလို ကံကောင်းတဲ့ အရွယ်ကို...

"ဩော်...ငါတို့မှာ အင်မတန် ကုသိုလ်ကံကောင်းထောက်မလို့ ဒီလောက်အသက်အရွယ် လွန်ပြီးတော့ နေရတာ၊ ဒီလို

http://www.dhammadownload.com



လွန်လာတဲ့ အသက်အရွယ်မှာတော့ ငါတို့ဟာ သားရေး, သမီးရေး, စီးပွားရေးစတဲ့ လောကအရေးပေါင်း များစွာနဲ့ အချိန်ကုန် မခံတော့ဘူး၊ ငါ့အတွက် ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်ကောင်းမှုတွေကိုသာ ဇောက်ချပြီးတော့ ပြုလုပ်နေတော့မယ်"လို့ စိတ်ကို ဆုံးဖြတ်ချက် ချပြီး ပြုလုပ်သင့်ပါတယ်။

အများအားဖြင့် ဒီလိုသဘော မပေါက်ကြပါဘူး၊ ယခု ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ကတော့ ဒီသဘောကို ပေါက်ပါတယ်၊ သားသမီးများကလည်း ဒီသဘောကို ပေါက်၍ ဒီနေ့ အသက်(၇၀)ပြည့်နှစ် မွေးနေ့ကုသိုလ် မင်္ဂလာပွဲကျင်းပပြီး လှူဒါန်းပေးကမ်းနေကြတာပါ။

## အချိန်မကျသေးဘူး

ဘုန်းကြီးတို့ တစ်ခါတုန်းက မေ့ဒူတ တောရသို့ ဒကာမကြီး တစ်ယောက် ရောက်လာပါတယ်၊ အဲဒီလို ရောက်လာတဲ့အခါ ဘုန်းကြီးက အဲဒီ ဒကာမကြီးကို "ဒကာမကြီး...တရားအားမထုတ်သေးဘူးလား"လို့ မေးတဲ့အခါ အဲဒီ ဒကာမကြီးက "အချိန် မကျသေးဘူးဘုရား"တဲ့။

အဲဒီလို အချိန်မကျသေးဘူးဆိုတဲ့ စကားကို ကြားရတော့ ဘုန်းကြီးက အဲဒီ ဒကာမကြီးကို ဒကာမကြီးရဲ့အသက် ဘယ်လောက်ရှိပြီလဲလို့ မေးတဲ့အခါ (၇၈)နှစ် ရှိပါပြီတဲ့။

http://www.dhammadownload.com



အေး...အဲဒီ (၇၈)နှစ် အသက်ရှိပြီးနေတာကို အချိန်မကျ သေးဘူးတဲ့ ကြည့်ပါဦး၊ ဘုန်းကြီးက ဒကာမကြီးနဲ့ မရင်းနှီးလို့၊ တကယ်လို့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်တို့လိုသာ ရင်းနှီးနေရင်လေ ဒီလို ပြောချင်တယ်၊ "ဩော်...ဒကာမကြီးက (၇၈)နှစ် အချိန်မကျသေးဘူးဆိုတော့ သေမှ အချိန်ကျမယ်နဲ့ တူတယ်"လို့ ပြောချင်တယ်။

ပြောချင်ပေမယ့်လို့ ဘယ်ပြောလို့ ဖြစ်မှာလဲ၊ ရင်းမှ မရင်းနှီး တာ၊ သွားပြောမိရင် ကိုယ့်ထ,ရိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဒုက္ခ ရောက်နေဦးမယ်။

အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ်တွေ စဉ်းစားကြည့်စမ်းပါ၊ မိမိတို့ ယခုခေတ် သက်တမ်းအနေနဲ့ ပြောရင် (၇၅)နှစ်ကျော် ရင် သက်တမ်း ကျော်တယ်လို့ မှတ်ရမယ်၊ အဲဒီ အသက်တမ်း ရောက်နေသူများဟာ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန် ကုန်ရမယ့် အရွယ် မဟုတ်တော့ပါဘူး၊ မိမိရဲ့ သံသရာ ရိက္ခာ အတွက် ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်ရိက္ခာတွေ ကိုသာ ဖောက်ချပြီး ထုပ်ပိုး သင့်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားကလည်း အဲဒီ အဘိုးကြီးကို အဲဒီ သဘောကို ပေါက်စေဖို့ ဒီတရားကို ဟောတာပါ၊ ဘုန်းကြီး တို့ကလည်း ဘုန်းကြီးတို့ ကျောင်းအစ်မကြီးကို ဒီသဘောကို ပေါက်စေချင်လို့ ဟောတာပါ။

http://www.dhammadownload.com



ဘုန်းကြီးတို့ ကျောင်းအစ်မကြီးကတော့ အရွယ်လည်း မလွန်သေးပါဘူး၊ သဘောလည်းပေါက်လို့ ပြုခဲ့တဲ့ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တွေလည်း အတော် စုံလင်ပါတယ်။

## သေမင်းထံသာ

ပြီးတော့ မြတ်စွာဘုရားရှင်က ဟို...အဘိုးကြီးကို အို... ဒါယကာကြီး... ဒါယကာကြီးဟာ မရဏာရှင်သေမင်းရဲ့ ခံတွင်း ပေါက်ခေါ်တဲ့ ထံမှောက်သို့သာ သွားရောက်ရန်မှာ စီစဉ်ပြီးမြောက် အချိန်ရောက်နေလေပြီလို့ ဟောကြားပြန်ပါတယ်။

အေး...အင်မတန် သံဝေဂ ဖြစ်စရာ ကောင်းပါတယ်၊ ကဲ...မိမိတို့ အသက်အရွယ်ကိုပဲ ပြန်ကြည့်ပါ၊ ငယ်ဖို့ အစီအစဉ် လား၊ ကြီးဖို့အစီအစဉ်လား၊ နေဖို့ အစီအစဉ်လား၊ သေဖို့ အစီ အစဉ်လားဆိုရင် ကြီးဖို့အစီအစဉ်၊ သေဖို့အစီအစဉ်တွေသာ သေချာပါတယ်၊ ဒီအပြင် အခြားအစီအစဉ် မရှိပါဘူး။

ကဲ...ကိုယ်သေသွားတော့ ကိုယ့် သားသမီး, မြေး, မြစ် တွေ၊ ကိုယ်ရှာဖွေထားတဲ့ ကိုယ့်ပစ္စည်းတွေ ကိုယ့်နောက်လိုက် မှာလား, မလိုက်ဘူးလားကြည့်ပါ၊ ကိုယ့်ရှေ့မှာ သေသွားသူတွေ ကြည့်ပါ၊ မျက်မြင်ကိုယ်တွေ့ပါ၊ မလိုက်ပါဘူး၊ ဇနီးမယား၊ လင် ယောကျ်ား၊ ဆွေမျိုးသားချင်းတွေလည်း လိုက်မှာလား၊ မလိုက်

http://www.dhammadownload.com



ပါဘူး။ ကိုယ့်ရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ အထုပ်အပိုးကိုသာ ကိုယ်ထမ်းပြီး ကိုယ့်လမ်း ကိုယ် သွားရမှာပါ။

ဘုန်းကြီးတို့က ဓမ္မဒေသနာခရီး အမြဲသွားနေတော့ အဲဒီ သဘောကိုပေါက်တယ်၊ သံဝေဂလည်း တော်တော် ဖြစ်ပါတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ ဘုန်းကြီးတို့ မီးရထားနဲ့ ခရီးသွားတဲ့ အခါ မိမိတို့စီးမည့် မီးရထားတွဲပေါ်မှာ ဆုံတဲ့လူတွေနဲ့ ချိန်းမထား ကြပါဘူး။

သူတို့လည်း သူတို့ ခရီးစဉ်နဲ့ သူတို့ အထုပ်ကိုယ်စီနဲ့ သူတို့ တက်လာကြပါတယ်၊ ဘုန်းကြီးတို့လည်း ဘုန်းကြီးတို့ အစီအစဉ်နဲ့ ဘုန်းကြီးတို့ အထုပ်နဲ့ မီးရထားပေါ် တက်ပါတယ်၊ ဟိုမှာ သွားပြီး ဆုံကြတယ်၊ အချိန်တန်တော့ ရထားထွက်ခွာ ပါတယ်။

ဘူတာ တစ်ဘူတာ ဆိုက်တယ်ဆိုရင် တစ်ယောက်က ကိုယ့်အထုပ်ကလေး ကိုယ်ဆွဲပြီး ဆင်းသွားပါတယ်၊ နိုင်နိုင်, မနိုင်နိုင် သူ့အထုပ် သူထမ်းပြီး သူ့လမ်း သူဆင်းသွားပါ တယ်။

မီးရထားပေါ်မှာ လာပြီး ဆုံကြတာ မိတ်ဆွေဖြစ်ပြီး ရင်းနှီး နေပေမယ့်လို့ လိုက်မပို့နိုင်ပါဘူး၊ ကိုယ်ကလည်း ကိုယ့်ခရီး အတွက် ရှေ့ဆက်ရဦးမယ်လေ၊ သူကလည်း သူ့ခရီးဆုံးလို့ သူ့အထုပ်ဆွဲပြီး သူဆင်းသွားတာပါ။

http://www.dhammadownload.com



ဆင်းသွားသူကလည်း ရထားပေါ်က လူကို ခေါ်မသွား နိုင်ဘူး၊ ရထားပေါ်က လူကလည်း သူ့ကို ခေါ်မသွားနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ခရီးစဉ်ချင်း မတူလို့ပါ။

## မီးရထားပမာ

အေး...အဲဒီ ဥပမာ အတိုင်းပါပဲ။ မိမိတို့ရဲ့ အိမ်၊ ဘုန်းကြီး တို့ရဲ့ ဒီဓမ္မဒူတတောရတည်းဟူသော မီးရထားကြီးပေါ်မှာ သားသမီး, မြေး, မြစ်, ညီအစ်ကိုမောင်နှမ, ဆရာတပည့်တည်း ဟူသော မီးရထားစီး ခရီးသည်တွေ ဆုံကြပါတယ်။

တော်တော်ကြာ တစ်ယောက်က ရှင်ကွဲကွဲသောအားဖြင့် ကိုယ့်အထုပ်ကိုယ်ထမ်းပြီး ဆင်းသွားတာလည်း ရှိပါတယ်၊ တော်တော်ကြာ တစ်ယောက်က သေကွဲကွဲသော အားဖြင့် သူ့အထုပ် သူထမ်းပြီး ဆင်းသွားတာလည်း ရှိပါတယ်။

ဒီကလူက အကူအညီ မပေးနိုင်ပါဘူး၊ သူကလည်း သူ့ အထုပ်နှင့် ကိုယ်ကလည်း ကိုယ့်အထုပ်နှင့်ကိုယ်ပါပဲ၊ အထုပ် ပြည့်စုံရင် ချမ်းသာမယ်၊ အထုပ် မပြည့်စုံရင် ဆင်းရဲမယ်၊ ဒါကြောင့် သံသရာခရီးမှာ ချမ်းသာချင်ရင် ကိုယ့်အတွက် ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်အထုပ် စုံအောင် ထုပ်ကြ ပါလို့ တိုက်တွန်းပါတယ်။

http://www.dhammadownload.com



# ချိန်ခါမရှိပြီ

ပြီးတော့ ဘုရားရှင်က ဟိုအဘိုးကြီးအား အို…ဒါယကာ… သင်ဒါယကာအား ဘဝနှစ်ပါး ခရီးအကြား၌ ဆိုင်းငံ့ဖို့ရန် အယူခံသွင်း နေထိုင်ရဖို့ရာ မရှိတော့ပြီလို့ ဟောတော်မူပါတယ်။

ဟုတ်ပါတယ်၊ အဘိုးကြီးမှာ နေချိန်ဟာ မများတော့ပါဘူး၊ တမလွန်ဘဝ နောက်လောကသို့ သွားရမည့် ပုဂ္ဂိုလ်အတွက်လည်း တစ်ရက်နှစ်ရက်လောက် ဆိုင်းငံ့ပါဦး၊ အလှူဒါန ပြုပါရစေဦး၊ တရားတော်များ နာကြားပါရစေဦး၊ တရားတော်များ အားထုတ်ပါရစေဦးလို့ စသည်ဖြင့် ပြောဆိုခွင့် မရှိပါဘူး။

အဲဒါကြောင့်မို့ မများလှတဲ့ အချိန်အတွင်းမှာ မရှိတဲ့ အချိန်အတွင်းမှာ မိမိအတွက် အားပါးတရ ဝမ်းပန်းတသာ ဖြစ်ရအောင် ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တွေကို ပြုလုပ်ရပါမယ်။

ဘုန်းကြီးတို့ ပရိသတ်တွေ အချိန်ဆွဲမနေကြပါနဲ့၊ မိမိတို့ရဲ့ မျက်မှောက်မှာ သေသွားသူတွေကို ကြည့်ပါ၊ ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်တွေ မည်မည်ရရ ပါမသွားသူတွေသာ များကြပါတယ်၊ မိမိတို့မှာလည်း ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တွေ မည်မည်ရရ ရှိပြီလားမေးရင် မရှိသေးပါဘူး။

http://www.dhammadownload.com



## မဲ့သေပြုံးသေ

အသေက နှစ်မျိုးရှိပါတယ်၊ မဲ့သေတစ်မျိုး ပြုံးသေတစ်မျိုးပေါ့၊ အေး...ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ် မဲ့ရင် မဲ့သေ သေရမယ်၊ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ် ရှိမှ ပြုံးသေ သေရမှာနော်။

အခုအနေ ဘုန်းကြီးတို့ ပရိသတ်ကို ပြုံးသေချင်လား၊ မဲ့သေချင်လား မေးရင် ပြုံးသေချင်ပါတယ်လို့ ဖြေမှာ သေချာပါတယ်။ အေး...ပြုံးသေချင်ပေမယ့်လို့ ကိုယ့်မှာ ပြုံးစရာအကြောင်း ကုသိုလ်တွေ မရှိဘဲနဲ့ ဘယ်ပြုံးသေနိုင်မှာလဲ။

အသေလှတယ် ဆိုတာကလည်း သေတဲ့အခါ ပြုံးနေမှ သို့မဟုတ် အေးချမ်းစွာ ကြည်လင်စွာ အိပ်ပျော်နေသလို သေမှ အသေလှတယ် ခေါ်ပါတယ်။

အများလူတွေရဲ့ အယူအဆကတော့ အသုဘကို လှလှပပ ဆင်ပြီး လူများစွာလိုက်ပို့လို့ရှိရင် အသေလှတယ်ခေါ်တယ်၊ ဒီလို သာဆိုရင် ငါတောင် သေချင်တယ်တဲ့။

အဲဒီလို လိုက်ပို့တဲ့ လူတွေက သုသာန်အထိသာ လိုက်ပို့နိုင်ပါတယ်၊ ဟိုဘက်ဘဝကောင်း ဂတိကောင်းကို ရောက်အောင် လိုက်ပို့နိုင်လားဆိုရင် မပို့နိုင်ပါဘူး။

http://www.dhammadownload.com



အေး…မသေခင်က ကိုယ်တိုင် ပြုစုခဲ့တဲ့ ကိုယ့်ကုသိုလ်ကောင်းမှုကသာလျှင် ကိုယ့်ကို လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာသို့ လျှော်သလိုပို့နိုင်ပါတယ်၊ ကိုယ့်ရဲ့ အလောင်းကောင်ကြီးက သုသာန်မှာ ကျန်ရစ်ခဲ့ပါတယ်။

ကိုယ့်ကိုယ်ကို အသေရဲအောင် ကြိုးစားထားရမှာပါ၊ အသေရဲတယ်ဆိုတာ ပြုံးသေတာကို ခေါ်တာနော်၊ မသေရဲဘူးဆိုတော့ မဲ့ပါတယ်၊ အဲ…မဲ့သေရင်တော့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် တစ်ဘုံဘုံသို့ ရောက်ပါတယ်။

အများအားဖြင့် သေကြတဲ့ သူတွေဟာ မဲ့သေတာတွေပဲ များပါတယ်၊ အဲဒါ ဟုတ်လား, မဟုတ်လား သိချင်ရင် မြို့ထဲ ရွာထဲမှာ သေခါနီး လူမမာတွေကို သွားပြီးတော့ မသိမသာ အကဲခတ်ကြည့်ပါ၊ မဲ့သေတွေသာ များပြီး ပြုံးသေ အတော်နည်းပါးတာကို ကိုယ်တွေ့မျက်မြင် ဖြစ်ပါလိမ့်မယ်၊ အလွယ်တကူ သိချင်ရင် ဆေးရုံက ဆရာဝန်တွေကို မေးကြည့်ပါ။

ဘာဖြစ်လို့ မဲ့သေများလဲဆိုရင် ပြုံးလောက်တဲ့ ကုသိုလ် မရှိလို့ မဲ့တာတစ်ကြောင်းပါ၊ ပြီးတော့ ရှိတဲ့ကုသိုလ်ကို မစွဲဘဲ သားသမီးပစ္စည်း စသည်စွဲပြီး သူတို့နဲ့ ခွဲရမှာကို ကြောက်ပြီး မဲ့တယ်။

သတ္တဝါတွေဟာ အတော်တော့ သနားစရာ ကောင်းပါတယ်၊ တစ်နည်းပြောရရင် သနားစရာ မကောင်းဘူး၊ ဘာဖြစ်

http://www.dhammadownload.com



လို့လဲဆိုတော့ ကိုယ့်အတွက်တော့ မပူဘူး၊ ကျန်ရစ်တဲ့ပစ္စည်း သားသမီး စသည့်ကို စွဲလမ်းပြီး သွားပူနေကြတယ်၊ တကယ် ဆိုရင် နောက်ဆုံး အခြေအနေမှာ ကိုယ့်ကုသိုလ်ကို ကိုယ်နှလုံး သွင်းပြီး သေနိုင်အောင် ကြိုးစားရမှာပါ။

## ရိက္ခာမရှိပြီ

ပြီးတော့ ဘုရားရှင်က အဲဒီအဘိုးကြီးကို "အို... ဒါယကာ သင်ဒါယကာအား ကုသိုလ်ကောင်းမှုတည်းဟူသော ရိက္ခာလည်း မရှိသေးပါတကား"လို့ ဒကာကြီးအား ကုသိုလ်တရား အဖန်ဖန် မြဲစိမ့်သောငှာ ဟောပါတယ်။

ပြီးတော့ ပထမ သက်ရှင်ဆွမ်းကျွေး တရားပွဲတုန်းက ဟောခဲ့တဲ့ တရားတော်ကို ထပ်ပြီး ဟောပြန်ပါတယ်၊ ခုနက ပြောခဲ့သလို အဖန်ဖန် ကုသိုလ်တရား မြဲစိမ့်သောငှာ ဟောတာ ပါ၊ ဘယ်လိုဟောသလဲဆိုရင်...

"အို...ဒါယကာ...သင်ဒါယကာသည် မိမိရဲ့မှီရာ ကျွန်းကြီး သဖွယ်ဖြစ်သော ကုသိုလ်ကို ပြုလုပ်ပါလော့"တဲ့၊ ကဲ...ဒီအဘိုး ကြီးဟာ သောတာပန် ဖြစ်နေပါပြီ၊ သေရင် အပါယ်မကျတော့ ပါဘူး။

အေး...သောတာပန် ဖြစ်နေတဲ့ အပါယ်မကျတော့တဲ့ ဒီအဘိုးကြီးကိုတောင် ဒီလိုဟောရင် တို့ဆိုရင် ဘယ်လိုဟော မလဲလို့သာ စဉ်းစားကြည့်ပါတော့။

http://www.dhammadownload.com



အဘိုးကြီးမှာ ရိက္ခာလည်း ရှိပြီးပြီ၊ ကျွန်းတူမိုရာ ကုသိုလ်လည်း ရှိပြီးပြီ၊ အေး...အဲဒီအဘိုးကြီးမှာ ဒီရိက္ခာတွေ မိုရာ ကုသိုလ်တွေရတာ သားသမီးတွေကြောင့် ရတာပါ၊ သူ့ဘာသာ သူဆိုရင် ရနိုင်မှာ မဟုတ်ပါဘူး။

ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ကတော့ သူ့ဘာသာ သူလည်း ကုသိုလ်ရေး ဝါသနာပါလို့ ကုသိုလ်တွေ အများကြီးရပါတယ်၊ အခု သားသမီးတွေက မွေးနေ့ကုသိုလ် မင်္ဂလာ ပြုပေးလို့လည်းရပါတယ်၊ အတော်ကံကောင်းပါတယ်။

ဒါပေမယ့်လို့ သောတာပန် ဖြစ်ပြီးတဲ့ ဒကာကြီးကို ဘုရားရှင်က အို...ဒါယကာ သင်ဒါယကာမှာ ကုသိုလ်ကောင်းမှုတည်း ဟူသော ရိက္ခာထုပ်လည်း မရှိသေးပါတကား။

အို...ဒါယကာ သင်ဒါယကာသည် မိမိ၏ မိုရာကျွန်းကြီး သဖွယ် ဖြစ်သော ကုသိုလ်ကို ပြုလုပ်လေလော့၊ လျင်မြန်စွာ အားထုတ်ကြိုးကုတ်လေလော့လို့ တိုက်တွန်းသလို ဘုန်းကြီးတို့ လည်း အသက်(၇၀)တောင် ရှိလာပြီဖြစ်တဲ့ ဘုန်းကြီးတို့ ကျောင်း အစ်မကြီးကို ဟောရမှာပါ။

"အို...ကျောင်းအစ်မကြီး၊ ကုသိုလ်မိုရာ ရှိသောအားဖြင့် ပညာရှိသောသူ ဖြစ်လေလော့" ဒါဟာ ကုသိုလ်တရားတွေကို ခိုင်မြဲစေလိုလို့ ထပ်ဟောတာပါ၊ တိုက်တွန်းနေတာပါ။

http://www.dhammadownload.com



ကျွန်းတူမိုရာ ကုသိုလ်ရှိသူ၊ ကုသိုလ်မိုရာ ရှိသူမှ ပညာရှိ ဖြစ်မည်၊ အဲဒီလို ကျွန်းတူမိုရာ ကုသိုလ်ရှိပြီးတော့ ပညာရှိတဲ့ သင်ဒါယကာကြီးဟာ ထုတ်အပ်ပြီးသော ရာဂမရှိသော အညစ် အကြေး ရှိသည်ဖြစ်၍ ရာဂ အစရှိသော အညစ်အကြေး ကင်း သည်ဖြစ်၍ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ တည်နေရခြင်း၊ အိုမင်းရခြင်း၊ နာရခြင်း၊ သေရခြင်းသို့ မကပ်ရောက် ရတော့ပြီလို့ ဟောပါတယ်။

ဘုန်းကြီးတို့လည်း ဘုန်းကြီးတို့ ကျောင်းအစ်မကြီးကို ဒီလိုပဲ ဟောချင်လို့ ဒီတရားကို ဟောပေးတာပါပဲ။

## ကုသိုလ်ကြောင့်ဖြစ်ရ

အေး...ကုသိုလ်မိုရာရှိဖို့ အရေးကြီးပါတယ်၊ မိမိတို့ အခုလို လူဖြစ်လာတာဟာ အလိုလို အကြောင်းမဲ့ လူဖြစ်လာတာ မဟုတ်ပါ၊ ကုသိုလ်ကြောင့် လူဖြစ်လာတာပါ။

တစ်ယောက်နဲ့တစ်ယောက်က ကုသိုလ်ကံချင်း မတူလေ တော့ လူအချင်းချင်းလည်း မတူကြပါဘူး။ အဆင်းရော အချင်းပါ အားလုံး မတူကြပါဘူး၊ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် အရည်အချင်း မတူကြလို့ ပြဿနာတွေ ပေါ်နေတာပါ၊ တူရင် မပေါ်ပါဘူး။

http://www.dhammadownload.com



သူ့အသက်သတ်သူတွေ၊ သူခိုးတွေ၊ မုဒိမ်းသမားတွေ စသည့် ပေါ်ရတာဟာ အရည်အချင်း ကွဲပြားမှုအပေါ် အကြောင်း ပြုပြီး ပေါ်လာတာပါ။

ဒါဖြင့် ဘယ်သူဖန်ဆင်းတာလဲဆိုရင် မိမိတို့ ပြုခဲ့တဲ့ ကုသိုလ် ကံက မိမိတို့ကို ဖန်ဆင်းတာပါ။ ဒါကြောင့်မို့လို့ ဖန်ဆင်းရှင်ဟာ တစ်ခြားမဟုတ်ပါ၊ မိမိသည်သာ မိမိရဲ့ ဖန်ဆင်းရှင်ပါ။

အေး...လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ပြုလုပ်တဲ့ ကံချင်း မတူကြတော့ အရည်အချင်း အရည်အသွေးချင်းလည်း မတူကြပါဘူး။

ယုတ်စွအဆုံး တစ်မိတစ်ဝမ်းတွင်း အတူဆင်းတဲ့ လူချင်း တောင် မတူကြပါဘူး။

ဒါကြောင့် ကျွန်းတူမှီရာ ကုသိုလ်သာ ပြုပါလို့ အချိန်မီလို့ ဟောတာပါ၊ ပင်လယ်ထဲက ကျွန်းကြီးတွေကို ကြည့်ပါ၊ တစ်ကျွန်းနဲ့ တစ်ကျွန်း အကြီးအသေး ပုံသဏ္ဌာန် စသည် တို့ဟာ မတူကြပါဘူး။

လူတွေလည်း တစ်ယောက်နဲ့ တစ်ယောက် ကုသိုလ် အနည်းအများ၊ အကြီးအသေး၊ အစုံ,မစုံ စသည်ဖြင့် မတူကြ ပါဘူး၊ အဲဒါကြောင့် ကျွန်းတူမှီရာ ကုသိုလ်သာ မိမိအတွက် အချိန်မီ ပြုပါ၊ ကုသိုလ်မှီရာရှိသူမှ ပညာရှိ ဖြစ်မယ်လို့ ဟော ပါတယ်။

http://www.dhammadownload.com



## သန္တေမနေပြီ

ဘုန်းကြီးတို့ ကျောင်းအစ်မကြီးနဲ့ ပရိသတ်တို့ ယခုလို တရားနာနေရင်းနဲ့ မိမိတို့ကိုယ်မှာရှိတဲ့ ရုပ်သဘောတရား၊ နာမ် သဘောတရားတို့ကို သိအောင် မြင်အောင် ဘုန်းကြီးတို့ဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်မှီးပြီး မိမိတို့ရဲ့ ခန္ဓာတွင်းသို့ ဉာဏ်သွား ပြီး တရားနာကြပါ။

မိမိတို့ကိုယ်မှာရှိတဲ့ ရုပ်သဘော နာမ်သဘောတွေကို မသိ သေးသမျှ ကာလပတ်လုံး ဒီရုပ်, ဒီနာမ်, ဒီခန္ဓာကိုယ်တွေကို ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောက်ျား, မိန်းမ ထင်မြင် ပြီး ခင်မင်နေကြမယ်၊ စွဲလမ်းနေကြမယ်၊ သူတို့အတွက် မအားမလပ်ဘဲ အမြဲမပြတ် ပြုလုပ်နေကြမယ်ဆိုရင် ပဋိသန္ဓေ ဒုက္ခ၊ အိုဒုက္ခ၊ နာဒုက္ခ၊ သေဒုက္ခတို့ဟာ ထပ်တလဲလဲ ဖြစ်နေ ကြမှာပါ။

ရုပ်နာမ်ခန္ဓာတွေရဲ့သဘော, သဘာဝကို ကိုယ်တိုင်ကိုယ်ပိုင် ဉာဏ်နဲ့ အမှန်အတိုင်း သိသွားမြင်သွားမယ်ဆိုရင် အဲဒီရုပ်နာမ် ခန္ဓာတို့ကို မခင်မင်တော့ပါ၊ မစွဲလမ်းတော့ပါ၊ သူတို့အတွက် မပြုလုပ်တော့ပါ။

အဲဒီလို မခင်မင်၊ မစွဲလမ်း၊ မပြုလုပ်တော့ ပဋိသန္ဓေမနေရ, မအိုရ, မနာရ, မသေရတော့ပါ၊ ပဋိသန္ဓေ, အို, နာ, သေ, ကင်းရာကုန်ရာ နိဗ္ဗာန်သို့ ရောက်ရပါတယ်။

http://www.dhammadownload.com



ကဲ...ဘုန်းကြီးတို့ ပရိသတ် ဒီခန္ဓာကိုယ်ကြီးကို အကြမ်းစား သဘောနဲ့ပဲ ကြည့်စမ်းပါ၊ မိမိတို့ သိတတ်တဲ့ အချိန်ကစပြီး ယနေ့အထိ မိမိတို့ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ရတဲ့ဒုက္ခနဲ့ ဒီခန္ဓာ ကိုယ်နဲ့ ပတ်သက်ပြီး ရတဲ့သုခနဲ့ ဘယ်ဟာက များလဲဆိုရင် ဒုက္ခက များပါတယ်။

ခန္ဓာကိုယ်နဲ့ပတ်သက်လို့ ရတဲ့ချမ်းသာ မရှိဘူးလား ဆိုရင် ရှိပါတယ်၊ မပြောပလောက်ပါ၊ ချမ်းသာ အလွန်နည်းပါးပြီး ဒုက္ခသာ အလွန်များပါတယ်။

အဲဒီလောက် အပေါ်ယံအကြမ်းစား သဘောနဲ့ပဲ ဒီခန္ဓာကိုယ် ဒုက္ခကိုသိဦး။ ဒီခန္ဓာကိုယ်ကို အတော်ရွံ့မုန်းကြပါတယ်၊ ဘုန်းကြီး တို့ အနောက်တိုင်းက စာရေးဆရာကြီးတွေ ရေးထားတဲ့ကဗျာ တွေ ဖတ်ရတယ်၊ အဲဒီ အပြင်ပန်းခန္ဓာကိုယ်ကို ငြီးငွေ့တဲ့သဘော တွေ အများကြီးတွေ့ရပါတယ်။

အေး...တကယ့် ရုပ်နာမ် ခန္ဓာတွင်း ဉာဏ်သွင်းပြီးတော့ ဉာဏ်ပညာ မျက်စိနဲ့သာ ရုပ်နာမ်မမြဲ၊ ရုပ်နာမ်ဆင်းရဲ၊ ရုပ်နာမ် အစိုးမရကို မြင်ရင်တော့ ဒီခန္ဓာကိုယ်ကြီးကို တကယ်ပဲ စက်ဆုပ် ရွံ့မုန်းပြီး လုံးလုံးကြီး မလိုချင်တော့ပါ။

## အဆန်းရှာတာမဟုတ်

ဘုန်းကြီးတို့ ပရိသတ် တရားအားထုတ်တယ်ဆိုတာ အဆန်း အပြားတွေ ရှာတာမဟုတ်ဘူးနော်၊ ရုပ်နာမ် ခန္ဓာရဲ့သဘော၊

http://www.dhammadownload.com



သဘာဝကို သိဖို့ရာ အားထုတ်တာပါ၊ အခု ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်တို့ဟာ တရားတွေ အကြိမ်ကြိမ် အားထုတ်ခဲ့ဖူးပါပြီ။ ကဲ...မိမိ ခန္ဓာကိုယ်ထဲက အဖိုးတန် ရွှေ, ငွေ, စိန်, ကျောက်တွေ ဘယ်နှစ်ပိဿာ ထွက်တာတွေ့ရလဲ၊ ခန္ဓာကိုယ်က ထွက်တဲ့ပစ္စည်းတွေ ဘယ်ဈေးရှိလဲ၊ ဘယ်ဈေးကွက် မှာ သွားရောင်းမလဲ၊ ကိုယ်တောင် မလိုချင်လို့ စွန့်ပစ်နေရတာ၊ ဘယ်သူက ဘယ်ဈေးနဲ့ယူမှာလဲ။

ဘုန်းကြီးတို့ ပရိသတ်တွေ ခန္ဓာတွင်း ဉာဏ်သွင်းပြီးနာပါ၊ တရားနာနေရင်းနဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ငါတို့ကို တကယ့်ဒုက္ခ မျိုးစုံကို ပေးနေတဲ့ ခန္ဓာကိုယ်ကြီးပါလားလို့ ခန္ဓာဒုက္ခကို တကယ် သိသွားရင် ဒီထက်တိုးပြီးတော့ ရုပ်နာမ်မမြဲ၊ ရုပ်နာမ်ဆင်းရဲ၊ ရုပ်နာမ်အစိုးမရ သဘောကိုသိသွားရင် ခန္ဓာကိုယ်ကို မလိုချင် တော့မှာ အမှန်ပါ။

အေး...ခန္ဓာကိုယ်ကို မလိုချင်တော့ဘူး ဆိုတာ တဏှာ ချုပ်သွားပါတယ်၊ တဏှာချုပ်ရင် ဥပါဒါန် ချုပ်သွားပါတယ်၊ ကံချုပ်သွားပါတယ်။

တဏှာ၊ ဥပါဒါန်၊ ကံချုပ်ရင် ဇာတိ၊ ဇရာ၊ မရဏ ချုပ်ပါ တယ်၊ အို နာ သေ ပဋိသန္ဓေချုပ်ပါတယ်၊ အို နာ သေ ပဋိသန္ဓေ ချုပ်တယ်ဆိုရင် နိဗ္ဗာန် မျက်မှောက် ဆိုက်ရောက် ပါတယ်။

http://www.dhammadownload.com



ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ... ဟို အဘိုးကြီးအား ရုပ် နာမ် ခန္ဓာတွေကို သဘောပေါက်အောင်၊ ရုပ် နာမ် ခန္ဓာ တွေအပေါ်မှာ အပြစ်မြင်အောင် ရုပ် နာမ် ခန္ဓာတွေ အပေါ်မှာ သာယာတပ်မက် စွဲလမ်းချက်တွေ ကင်းအောင် ရာဂစတဲ့ အညစ် အကြေးကင်းအောင် ဟောပေးပါတယ်။

အဲဒီ အဘိုးကြီးဟာ အဲဒီ ဒုတိယအကြိမ် သက်ရှင်ဆွမ်း ကျွေးအလှူပွဲ၊ တရားပွဲအပြီးမှာ အနာဂါမ်ဖြစ်သွားပါတယ်၊ အင်မတန် အကျိုးရှိသွားပါတယ်။

## တန်ရုံသာရသည်

အဲဒါ ဘာဖြစ်လို့ အကျိုးရှိသွားတာလဲဆိုရင် သက်ရှင် ဆွမ်းကျွေးပြီး တရားနာရလို့ပါ၊ ဘုန်းကြီးတို့ ဘုရားရှင်ဟာ ပထမ အကြိမ် သက်ရှင်ဆွမ်းကျွေး အလှူပွဲတုန်းက အဘိုးကြီးအား အနာဂါမ်အဖြစ် အထိ ဟောပေးပါတယ်၊ ဒါပေမယ့်လို့ အဘိုးကြီး မှာ သောတာပန်ပဲ ဖြစ်ပါတယ်။

အခု ဒုတိယအကြိမ် သက်ရှင်ဆွမ်းကျွေးတရားပွဲမှာ ဘုရား ရှင်ဟာ အရဟတ္တဖိုလ်ကို အထွတ်တပ်ပြီးတော့ ဒကာကြီးကို ရဟန္တာအဖြစ်အထိ ဟောပေးပါတယ်၊ ဒါပေမယ့်လို့ ဒကာကြီးမှာ အနာဂါမ်ပဲဖြစ်ပါတယ်။ ဇော်း...ပေးပေမယ်လို့ ပေးတိုင်း မရနိုင်ပါ၊

http://www.dhammadownload.com



တန်ရှုံသာရနိုင်ပါတယ်၊ ထိုက်သလောက်သာ ရပါတယ်ဆိုတာ သဘောပေါက်ပါ။

အဲဒီမှာ ဥပမာပြထားတာ ရှိပါသေးတယ်၊ မိခင်သည် မိမိ၏ ပါးစပ်ပမာဏဖြင့် ထမင်းကိုဝါး၍ သားငယ်ကို ခွံ့သော်လည်း သားငယ်သည် မိမိ၏ပါးစပ် ပမာဏဖြင့်သာ ယူနိုင်ပါတယ်။

ဒီမှာလည်း အဲဒီအတူပါပဲ၊ မြတ်စွာဘုရားသည် အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ အထက်မဂ်၏ အစွမ်းဖြင့် တရားတော်ကို ဟောအပ်ပါသော်လည်း ဒါယကာမှာကြီး မိမိရဲ့ ဥပနိဿယ၏ အစွမ်းဖြင့် ပထမအကြိမ် သက်ရှင်ဆွမ်းကျွေးတရားပွဲမှာ သောတာပန်ဖြစ်ပြီး ဒုတိယအကြိမ် သက်ရှင်ဆွမ်းကျွေးပွဲမှာ အနာဂါမ်ဖြစ်သွားပါတယ်။ ကြွင်းတဲ့ပရိသတ်တွေလည်း အကျိုးရှိသွားပါတယ်။

## သက်သေဆွမ်းနဲ့ သက်ရှင်ဆွမ်း

ကဲ...ဘုန်းကြီးတို့ ပရိသတ်တွေ သက်သေဆွမ်းနဲ့ သက်ရှင်ဆွမ်း အကျိုးကျေးဇူးချင်း ကွာခြားချက်ကို သိပြီ မဟုတ်လား။ သေခါမှ သက်ပျောက်ဆွမ်းသွတ်၊ မြေဆင်း သပိတ်သွတ်၊ ရက်လည်ဆွမ်းသွတ်၊ လပတ်လည်ဆွမ်းသွတ်၊ နှစ်ပတ်လည်

http://www.dhammadownload.com



ဆွမ်းသွတ်၊ နောက်တစ်သက်လုံးသွတ်၊ အဲဒီ သေသွားသူဟာ သောတာပန်မဖြစ်နိုင်ပါ။

အေး…သောတာပန်မှ မဖြစ်ဘဲနဲ့ အနာဂါမ်ကော ဖြစ်လာနိုင်မှာလား၊ မဖြစ်နိုင်ပါဘူး၊ ယခု နှစ်ကြိမ်ပဲ သက်ရှင်ဆွမ်းကျွေးပြီး တရားနာလိုက်တာ သောတာပန်, သကဒါဂါမ်, အနာဂါမ် အထိ ဖြစ်သွားပါတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ် မင်္ဂလာပွဲမှာ ဒီသက်ရှင်ဆွမ်းကျွေး တရားတော်ကို ဟောပေးရတာ တူတာလည်းရှိ မတူတာလည်းရှိလို့ နောက်က ပြောခဲ့ပါပြီ။

ဘာပဲဖြစ်ဖြစ် အသက်ရှင်စဉ် အခုလို ကျွေးရတဲ့ ဆွမ်းအတွက် ထူးခြားချက် ရှိတယ်ဆိုတာလည်း ကိုယ်တိုင် အသိပါပဲ။

## သောတာပန်ဖြစ်ကြောင်း

ဒီနေရာမှာ သောတာပန်ဖြစ်ကြောင်း ၄–ပါးကို ပြောချင်ပါတယ်၊ သကဒါဂါမ် ဖြစ်ကြောင်းလည်း ၄–ပါးရှိပါတယ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြောင်းလည်း ၄–ပါးရှိပါတယ်၊ အတူတူပါပဲ၊ အဲဒီ ၄–ပါးဆိုတာ ဘာတွေလဲဆိုရင်…

http://www.dhammadownload.com



(၁) သူတော်ကောင်း အမှီရမယ်၊

(၂) သူတော်ကောင်း တရားကို နာရမယ်၊

(၃) နှလုံးသွင်းကောင်း ရှိရမယ်၊

(၄) မဂ်,ဖိုလ်,နိဗ္ဗာန် အားလျော်စွာ ကျင့်ရမယ်။

အဲဒီ ၄–ပါးဟာ သောတာပန် ဖြစ်ကြောင်းပါပဲ၊ သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကြောင်းဟာလည်း အဲဒီ ၄–ပါးတို့ပါပဲ၊ အဲဒီ ၄–ပါးဟာ အခု အသက်ထင်ရှားရှိစဉ် ကိုယ့်သန္တာန်၌ ဖြစ်အောင် ကြိုးစားရင် ရနိုင်ပါတယ်။

အမှန်တကယ် ပြောရရင် သောတာပန် စသည် ဖြစ်ဖို့ အရေးကြီးသလား၊ ဒီလေးပါး ပြည့်ဖို့အရေးကြီးသလားဆိုရင် ဒီလေးပါးပြည့်ဖို့ အရေးကြီးပါတယ်။

အခု ကြည့်လေ၊ ဟိုအဖိုးကြီး အနာဂါမ် အထိ ဖြစ်သွားတယ်၊ ဘာဖြစ်လို့ဖြစ်တာလဲ၊ အချောင်ဖြစ်တာလား၊ မဟုတ်ပါဘူး၊ အဘိုးကြီးဟာ ဘုရားတည်းဟူသော သူတော်ကောင်း အမှီရတယ်၊ ဘုရားထံမှ သူတော်ကောင်းတရားတော်ကို နာရတယ်၊ နှလုံးသွင်းကောင်းနဲ့ နှလုံးသွင်းတယ်၊ မဂ်, ဖိုလ်, နိဗ္ဗာန် အားလျော်စွာ ကျင့်တယ်၊ အဲဒီတော့ အနာဂါမ် ဖြစ်သွားတာပေါ့။

အနာဂါမ် ဖြစ်တယ်ဆိုရင် အဘိုးကြီးဟာ ဒီဘဝကသေရင် ဗြဟ္မာ့ဘုံကိုရောက်၊ နောက် ရဟန္တာ ဖြစ်ပြီး အနုပါဒိသေသ နိဗ္ဗာန် ဝင်စံရတော့မှာပါ။

http://www.dhammadownload.com



အဲဒါ သက်ရှင် ဆွမ်းကျွေးပြီး တရားနာရတဲ့ အကျိုးကျေးဇူးပါ။ အဲဒါကြောင့်မို့ မသေခင် ကြိုတင်ပြီး သက်ရှင်ဆွမ်းကျွေးထားပါ၊ တစ်နည်းပြောရရင် မသေခင် ကိုယ့်ကိုယ်ကို သက်ရှင်ဆွမ်းကျွေးပြီး သပိတ်သွတ်ထားပါ၊ သေခါမှ သပိတ်သွတ်တာ ကိုယ့်ကုသိုလ်မဟုတ်ပါ။

အေး...သေခါမှ ကျန်တဲ့ လူတွေက စိတ်မချလို့ သပိတ်သွတ်ပြီး မျှပေးတဲ့ အမျှကို ယူမလား၊ အခု ကျောင်းအစ်မကြီး ဒေါ်စိန်တင်တို့လို သက်ရှင်ဆွမ်းကျွေး တရားနာပြီး အကုန် ယူသွားမလား စဉ်းစားကြပါ။

## အကြောင်းရင်း

ကဲ...သက်ရှင်ဆွမ်းကျွေး တရားနာရခြင်းရဲ့ အကျိုးကျေးဇူးတော့ ဘုန်းကြီးတို့ ပရိသတ်တွေ သိသွားပါပြီ၊ ယခု အဲဒီ သက်ရှင် ဆွမ်းကျွေးရဲ့ အကြောင်းရင်းကို ပြောကြရအောင်၊ ဒီတရားတော်ကို ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခိုက် တစ်ယောက်သော နွားသတ်သမားရဲ့ သားကို အကြောင်းပြုပြီး ဟောတာပါ။

ဒါဖြင့်...ဟို တက္ကသိုလ်ပြည်က အဘိုးကြီး ဆိုတာဟာ သာဝတ္ထိပြည်က နွားသတ်သမား တစ်ယောက်ရဲ့ သားပါလို့

http://www.dhammadownload.com



ကြိုတင် သိထားပါ။ အဲဒီ နွားသတ်သမားရဲ့သား အဘိုးကြီးကို အကြောင်းပြုပြီး ဟောပါတယ်။

## နွားသတ်အသက်မွေး

အေး...သာဝတ္ထိပြည်မှာ နွားသတ်သမားတစ်ယောက် ရှိတယ်၊ တစ်ယောက်ဆိုတာ ဒီအကြောင်းနဲ့ ပတ်သက်နေတဲ့ နွားသတ်သမားကို ပြောတာပါ။ အမှန်တကယ်တော့ သာဝတ္ထိ ပြည်ထဲမှာ နွားသတ်သမားတွေ အများကြီး ရှိပါသေးတယ်။ အဲဒီ နွားသတ်သမားဟာ သတ်ဖို့ရာ နွားတွေကို လိုက်ရှာဝယ်ပြီး သတ်ပါတယ်။

အဲဒီလို နွားသတ်ပြီး ကောင်းမြတ်တဲ့ အသားတို့ကို အိမ် အတွက် ဟင်းစားယူပြီး ကြွင်းတဲ့ အသားတို့ကို ရောင်းပြီး သားမယားတို့ကို လုပ်ကျွေးပါတယ်။

အသက်မွေးဝမ်းကျောင်း နှစ်မျိုးရှိပါတယ်၊ အပြစ်ကင်း၍ သန့်ရှင်းသော အသက်မွေးခြင်းနဲ့ အပြစ်မကင်းမူ၍ မသန့်ရှင်း သော အသက်မွေးခြင်းရယ်လို့ ၂–မျိုး ရှိပါတယ်။

ယခု နွားသတ်သမားရဲ့ အသက်မွေးခြင်းဟာ အပြစ် မကင်း၍ မသန့်ရှင်းတဲ့ အသက်မွေးခြင်းပါ။ အေး...သတ်ပြီး ချန်ထားတဲ့ အသားကို ချက်ပြုတ်ပြီး သားမယားတို့နဲ့ အတူတကွ

http://www.dhammadownload.com



ဝိုင်းဖွဲ့စားပါတယ်၊ အသားရောင်းရတဲ့ ငွေနဲ့ သားမယားတို့ကို အဝတ်အစား စသည် ဆင်ပါတယ်။

အဲဒီလိုသတ်ပြီးတော့ ကျွေးတယ်ဆိုတာ သားမယားတို့ကို ချစ်လို့ပါ၊ ကိုယ့်ကိုယ်ကိုလည်း ချစ်လို့ပါလို့ ပြောမှာပါပဲ၊ တကယ်တော့ ချစ်ရာမရောက်ပါဘူး၊ နှစ်ရာရောက်ပါတယ်၊ ချမ်းသာရှာရာမရောက်ဘဲ ဆင်းရဲရှာရာ ရောက်ပါတယ်။

သတ္တဝါတို့ကို မေးကြည့်ရင် ဆင်းရဲရှာမလား၊ ချမ်းသာရှာမလားဆိုရင် ချမ်းသာရှာပါ့မယ်ဘုရားလို့ ဖြေမှာ သေချာပါတယ်၊ ဒါပေမယ့် အပြစ်မကင်းတဲ့ အကုသိုလ်မှု မကောင်းမှုတွေကို ပြုလုပ်နေရင် မချစ်ရာရောက်ပါတယ်။

## ကုသိုလ်မရှိ

အဲဒီလို မိမိကိုယ်ကိုလည်းချစ်၊ သားမယားတွေကိုလည်း ချစ်လို့ နွားသတ်ပြီးရောင်းချကာ အသက်မွေးလာတာ (၅၅)နှစ်ရှိပါပြီ၊ ကုသိုလ်ဆိုတာ သူ့မှာ ဘာကုသိုလ်မှမရှိပါ၊ အဲဒီ နွားသတ်သမားရဲ့အိမ်နဲ့ ဇေတဝန်ကျောင်းဟာ အနီးကလေးပါ။

ကျောင်းနဲ့ နီးပေမယ်လို့ ကျောင်းကိုလည်း တစ်ခါမှ မရောက်ပါဘူး၊ ကျောင်းကို တစ်ခါမှမရောက်ပါဘူးဆိုမှဖြင့်ရင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်အားလည်း ဆွမ်းတစ်ဇွန်း၊ ဟင်းတစ်ခွက်မှမလှူဖူးပါဘူး၊ ယာဂုဆွမ်း

http://www.dhammadownload.com



လည်း မလှူဒါန်းစဖူးပါ၊ ပန်းတစ်ပွင့် ရေချမ်းတစ်ခွက်လည်း မလှူဒါန်းစဖူးပါ။

ဒါန, သီလ, ဘာဝနာလို ကုသိုလ်သုံးမျိုးမှာ ဒါနကုသိုလ်ဟာ အလွယ်ဆုံးပါ၊ ကိုယ်တိုင် မပြုနိုင်၊ မပြုအားလို့ရှိရင် သူတစ်ပါးကို နိုင်းပြီး ပြုလို့ရပါတယ်၊ အဲဒီလောက် လွယ်တဲ့ ဒါနကုသိုလ်တောင် မရှိရင် ကိုယ်တိုင်ကိုယ်ကျ ဆောက်တည်မှ ရတဲ့ သီလကုသိုလ်၊ ကိုယ်တိုင်နားကြား ပွားများရတဲ့ ဘာဝနာကုသိုလ်တွေဆိုရင် အဘယ်မှာ ရှိပါတော့မလဲ၊ ဒီအဘိုးကြီးမှာ ကုသိုလ်မရှိပါ။

## အသားမပါမစား

အေး…အဘိုးကြီးမှာ ကုသိုလ်ဆိုလို့ ဘာကုသိုလ်မှ မရှိပါဘူး၊ အကုသိုလ်နဲ့ အသက်မွေးခဲ့တာကတော့ (၅၅)နှစ်ရှိပါပြီ၊ အသားမပါဘဲနဲ့ ထမင်းမစားပါဘူး၊ အသားဟင်းနဲ့ကျွေးမှ ထမင်းစားပါတယ်၊ အမဲသားပါမှ ထမင်းစားတယ်ပေါ့။

သူ့အလုပ်ကလည်း နွားသတ်တဲ့အလုပ်၊ နွားသားမပါလည်း ထမင်းမစားဘူး၊ နွားသတ်ပြီးရင် သူကြိုက်တဲ့ အကောင်းစား အသားတွေ ချန်ထားပြီးမှ ကျန်တဲ့အသားတွေကို ရောင်းစားတာပါ။

http://www.dhammadownload.com



အဲဒီလို လုပ်ကျွေးလာရာက တစ်နေ့ နွားသတ်ပြီး သူ့အတွက် အသားကို သူ့ဇနီးအားပေးခဲ့ပါတယ်၊ ချက်ထားခိုင်းပါတယ်၊ သူကတော့ ထမင်းမစားမီ ရေချိုးမယ်ဆိုပြီး ရေသွားချိုးပါတယ်။

## အတင်းဝယ်သွားပြီ

အဲ...နွားသတ်သမားဟာ သူ့အတွက် အသားကို သူ့ဇနီးအားပေးပြီး ရေသွားချိုးနေတုန်း သူ၏သူငယ်ချင်းက သူ့အိမ်သို့လာပြီး သူ့ဇနီးကို "အမဲသားအနည်းငယ်ရောင်းချပါ၊ အိမ်မှာ ဧည့်သည်ရောက်နေလို့ပါ"လို့ ပြောဆိုပြီး အမဲသားဝယ်ပါတယ်။

အဲဒီလိုဝယ်တဲ့အခါ နွားသတ်သမားရဲ့ဇနီးက "ရောင်းချစရာ အမဲသားမရှိတော့ပါဘူး၊ အသင်ရဲ့မိတ်ဆွေဟာ သူ့အတွက် အမဲသားချန်ထားပြီး အကုန်လုံး ရောင်းလိုက်လို့ အမဲသားကုန်ပါပြီ၊ အခု သူလည်းမရှိပါ၊ ရေသွားချိုးနေပါတယ်"လို့ ပြောပါတယ်။

အဲဒီလိုပြောတဲ့အခါ အမဲသားလာဝယ်သူကလည်း အလွန်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်နေတော့ မရောင်းလို့တော့ မဖြစ်ပါ၊ ရောင်းမှဖြစ်မယ်၊ အိမ်မှာ ဧည့်သည်ရောက်လို့ပါလို့ ပြောပြီး သူ့သူငယ်ချင်းအတွက် ချန်ထားတဲ့ အမဲသားကို သူကိုယ်တိုင်ပဲ အတင်းအိမ်ပေါ်တက်ပြီး ဝယ်ယူသွားပါတယ်။

http://www.dhammadownload.com



အိမ်ရှင်မက "ရှင့်သူငယ်ချင်းဟာ အသားမပါဘဲ ထမင်းစားလေ့မရှိပါဘူး၊ မယူပါနဲ့"လို့ တားလည်းမရဘဲ အတင်းယူသွားပါတယ်၊ လူနိုင်ဆိုတာ ဒီလိုပဲလုပ်တတ်ပါတယ်။

ဟုတ်တယ်လေ သူငယ်ချင်းဟာ တစ်နေ့တလေပဲ ဖြစ်သလိုစားလိမ့်မယ်၊ အိမ်ရောက်လာတဲ့ ဧည့်သည်က တစ်ခါတလေမှလာတဲ့ ဧည့်သည်မို့ အရေးကြီးလို့ပါဆိုပြီး ယူသွားတာ ဘယ်တတ်နိုင်မလဲ။

တရားစွဲလို့လည်းမဖြစ်ဘူး၊ လူနိုင်ကိုး၊ ပြီးတော့ အလကားယူသွားတာလည်း မဟုတ်ဘူး၊ ပိုက်ဆံပေးပြီး အတင်းဝယ်သွားတာ။

## နွားချောကိုလှီးပြီ

အေး...နွားသတ်သမားရဲ့ သူငယ်ချင်းက ရောက်လာတဲ့ ဧည့်သည်ကို အမဲသားဟင်းနဲ့ ချက်ကျွေးလိုက်တယ်၊ နွားသတ်သမားဇနီးက သူ့ယောကျ်ားအတွက် ဟင်းရွက်ပဲ ချက်ထားလိုက်တယ်၊ အဲ...သူ့ယောကျ်ား နွားသတ်သမား ရေချိုးရာက ပြန်လာတဲ့အခါ သူချက်ထားတဲ့ ဟင်းရွက်ကျက်ဟင်းနဲ့ ထမင်းခူးပြီး ပြင်ကျွေးပါတယ်။

အဲဒီလို ပြင်ကျွေးတဲ့အခါ အသားမပါရင် မစားတဲ့ နွားသတ်သမားက "ငါးထားခဲ့တဲ့အမဲသား ဘယ်မှာလဲ"လို့ မေးတဲ့အခါ

http://www.dhammadownload.com



"အရှင်သား...အမဲသားမရှိပါပြီ"လို့ ဖနီးက ပြောတဲ့အခါ "ဘယ့်နှယ် မရှိရမှာလဲ၊ ငါကိုယ်တိုင် ငါကြိုက်တဲ့ အသားကို သေသေချာချာရွေးပြီး ချက်ပြုတ်ဖို့ရာ ငါကိုယ်တိုင် ပေးခဲ့တာ မဟုတ်လား"လို့ မေးပါတယ်။

အေး...ဘုန်းကြီးတို့ ပရိသတ်တွေလည်း သတိထားပါနော်၊ ဘာမှစားမယ်၊ ဘာနဲ့မှစားမယ်၊ ဘာမပါရင် မစားဘူးဆိုတာမျိုး ဟာ ဂုဏ်မဟုတ်ပါဘူး။

ဘုန်းကြီးတို့ ဘုရားရှင်က ရသမျှနဲ့ ရောင့်ရဲခြင်းသည် အမြတ်ဆုံးသော ဥစ္စာလို့ ဟောခဲ့ပါတယ်၊ အစားအသောက်နဲ့ ပတ်သက်လို့ ကြုံသလို စားသောက်နိုင်အောင် ကြိုးစားကြပါ၊ ကြုံသလို စားသောက်နိုင်မှလည်း ဂုဏ်ရှိတယ်လို့ သတ်မှတ်ပါ။

ဘုန်းကြီးတို့ (၁၀)ရက်စခန်းတွေမှာဆိုရင် နံနက်ဆွမ်းဟာ အများအားဖြင့် ဆန်ပြုတ် ကျွေးတာပါတယ်၊ အချို့နေရာမှာ တော့ အများအားဖြင့် မုန့်ဟင်းခါး ကျွေးတတ်ပါတယ်၊ အဲ... မုန့်ဟင်းခါး အကျွေးများတဲ့ စခန်းတွေမှာ ဆန်ပြုတ်ဆိုရင် ယောဂီတွေ သိပ်ပြီးမကြိုက်ချင် ဖြစ်တတ်ပါတယ်။

အဲဒါ စားသောက်တဲ့ အပေါ်မှာ သဘော မပေါက်လို့ပါ၊ ဟုတ်တယ်လေ...ဒီစားတာ သောက်တာဟာ ဘာလုပ်ဖို့လဲလို့ မေးရင် တရားအားထုတ်နိုင်ဖို့ပါ၊ တရားအားထုတ်နိုင်ဖို့ရာ မိမိတို့

http://www.dhammadownload.com



ဝမ်းဗိုက်ထဲမှာ ဘာအစာပဲ ထည့်ထားထား၊ အဆာပြေပြီး တရားအားထုတ်နိုင်ရင် ပြီးတာပဲ မဟုတ်လား။

အခုတော့ ကောင်းကောင်းစားချင်တယ်၊ တရားအားထုတ်တဲ့အခါ ကောင်းကောင်းစားရင် ပုတ်သင်ညို ဖြစ်ကရော၊ ကဲ... စားတာဟာ ပုတ်သင်ညိုဖြစ်ဖို့ စားတာလား၊ အားထုတ်ဖို့ စားတာလား စဉ်းစားပါ။

ဆန်ပြုတ်ဆိုတော့ အဆိပ်အတောက် မပါတော့ ဘယ်ပုတ်သင်ညိုဖြစ်မလဲ၊ အေး...မုန့်ဟင်းခါးတို့၊ ခေါက်ဆွဲတို့ဆိုရင် အဆိပ်အတောက်များတော့ စားလည်း ကောင်းတယ်၊ ကောင်းတိုင်းလည်း စားတယ်၊ စားပြီး တရားထိုင်ဖို့ရာ မျက်စိမှိတ်တယ်ဆိုရင်ပဲ ငိုက်ပြီ။

ဘုန်းကြီးတို့ (၁၀)ရက်စခန်းတွေမှာ အစားအသောက်ကောင်းတဲ့နေ့ဆိုရင် သတိထားကြည့်မိတယ်၊ ယောဂီတွေ ပုတ်သင်ညိုဖြစ်တာ များပါတယ်၊ အဲဒီတော့ တရားအားထုတ်နိုင်ဖို့ စားတာ၊ တရားအားမထုတ်နိုင်ဘဲ ငိုက်နေတယ်ဆိုတော့ ဘယ်မှာ စားရကျိုးနပ်မှာလဲ။

ဒါကြောင့်အစားကို မကြည့်ပါနဲ့၊ အစားပေါ်မှာ သောင်တင်မနေပါနဲ့၊ အခု ဒီနွားသတ်သမားဟာ အစားပေါ်မှာ သောင်တင်နေတော့ ဟင်းရွက်ကျက်ဟင်း ကြည့်ပြီး မျက်နှာမသာမယာ

http://www.dhammadownload.com



ဖြစ်နေပါတယ်၊ သူဒီဟင်းကို မစားချင်ဘူး။ အသားဟင်းနဲ့မှ စားချင်တယ်။

ဒါကိုသိတဲ့ ဇနီးက ဒီနေ့တော့ ဒီဟင်းရွက်ကျက်ဟင်းနဲ့ပဲ စားပါ၊ ရှင့်သူငယ်ချင်းက သူ့အိမ်မှာ ညှော်သည်ရောက်လို့ဆိုပြီး အတင်းလာဝယ်ပါတယ်။

ကျွန်မကလည်း မရှိတော့ပါ၊ အရှင့် သူငယ်ချင်းအတွက် အသားမှတစ်ပါး အခြားအသား မရှိတော့ပါ၊ အရှင့် သူငယ်ချင်းကလည်း အမဲသားနဲ့ ကင်း၍ မစားနိုင်ပါလို့ ပြောသော်လည်း သူငယ်ချင်း တစ်နေ့တလေ ဖြစ်သလိုစားလိမ့်မယ်ဆိုပြီး အိမ်ပေါ် တက်ပြီး အတင်းယူသွားတော့ ကျွန်မလည်း မတတ်နိုင်ပါလို့ ပြောပါတယ်။

"အဲဒီအခါ နွားသတ်သမားက "ငါကား အမဲသားနဲ့ကင်း၍ ထမင်းမစားနိုင်ပါ၊ အဲဒီ အမဲသားကို ပြန်ပြီး တောင်းယူချေ လော့"လို့ ခိုင်းပါတယ်။

ကဲ...ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ပါ၊ ဒါဟာ ကလေးကစားတဲ့ အလုပ်မှ မဟုတ်တာဘဲ၊ ပြန်ယူလို့ ဖြစ်မလား။ ဒီတော့သူ့ဇနီးက "အရှင့်သား ပြန်ယူလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဘယ် ကောင်းပါ့မလဲ၊ ဒီတစ်နေ့တော့ ဒီဟင်းနဲ့ပဲ စားပါ"လို့ပြောတယ်။

အေး...နွားသတ်သမားဟာ "ငါကား ဒီဟင်းနဲ့တော့မစား နိုင်ဘူး"လို့ ပြောပြီး ထမင်းပွဲကိုထားခဲ့ကာ ထမင်းပွဲမှထပြီး

http://www.dhammadownload.com



သားလိုးစားကိုယူကာ အိမ်နောက်ဖေး၌ နောက်နေ့တို့၌ သတ်ဖို့ ထားတဲ့ နွားများရှိရာသို့ သွားပါတယ်။

ဘုန်းကြီးတို့ပရိသတ် သနားကြင်နာ ကရုဏာကင်းတာကို ကြည့်ပါ၊ အိမ်နောက်ဖေး ရောက်တဲ့အခါ နွားတစ်ကောင်ရဲ့ ခံတွင်းထဲ လက်ထည့်သွင်းပြီးတော့ နွားလျှာကို ဆွဲထုတ်ကာ နွားလျှာအရင်းမှ ဖြတ်ယူလိုက်ပါတယ်။

ကဲ…ဘယ်လောက်ရက်စက်သလဲ၊ ကဲ…စိတ်ကူးနဲ့ စဉ်းစားပြီး ကိုယ့်လျှာကို ကိုယ်ဖြတ်ကြည့်စမ်း၊ လျှာအသာထားပါဦး တစ်ခါ တစ်ခါ ကိုယ့်လျှာကို ကိုယ့်သွားနဲ့ ကိုက်မိတာတောင် ဘယ်လောက်နာလဲ။

## နွားအော်အော်ရပြီ

အခု နွားကြီးအရှင်လတ်လတ်ကို အရင်းကနေ လျှာဖြတ်တာ ဘယ်လောက်နာလိုက်မလဲ၊ နွားကြီးဟာ နာလို့ အော်နေရရှာတယ်၊ သနားကြင်နာ ကရုဏာကင်းတဲ့ နွားသတ်သမားကတော့ နွားကြီး အော်အော်, မအော်အော် မမှုပါဘူး။

သွေးသံရဲရဲနဲ့ ဖြတ်ယူခဲ့တဲ့ နွားလျှာကို ဇနီးကိုပေးကာ မီးကျီးမီးခဲ၌ အမြန်ပဲ ဖုတ်ကင်စေပါတယ်၊ ဒီက နွားသတ်သမားကတော့ စားရတော့မယ်ဆိုပြီး ပြုံးလို့ပေါ့နော်၊ ဟိုက နွားကြီးခမျာတော့ မသက်မသာနဲ့ မဲ့လို့အော်လို့။

http://www.dhammadownload.com



ဘုန်းကြီးတို့ပရိသတ် အကုသိုလ်ကံဟာလေ ကံပြုစဉ်မှာ ကံပြုသူဟာ ပြုံးပါတယ်၊ အဲ...အဲဒီကံရဲ့ အကျိုးကို ခံရပြီဆိုတော့ မပြုံးနိုင်တော့ပါ၊ ကံပြုခံရတဲ့ နွားကြီးပမာ မဲ့ရမှာပါ။

အေး...ဇနီးမယားခမျာလည်း စိတ်မကောင်းဖြစ်စွာနဲ့ နွားလျှာကို မီးကျီး၌ ဖုတ်ကင်စေပြီး အတုံးအတစ်ပြုပြီး ဆီဆမ်း ဆားဖြူးကာ သူ့ယောကျ်ားအား ထမင်းပြင်ကျွေးပါတယ်။

ဇနီးသည်လည်း စိတ်မချမ်းသာစွာနဲ့ ထမင်းပြင်ကျွေးပြီး အနားက ပြုစုနေပါတယ်၊ နွားသတ်သမားဟာ အားပါးတရ ဝမ်းပန်းတသာနဲ့ အသားတစ်တုံးကို ထမင်းပေါ်သို့ တင်ပြီး ထမင်း တစ်ဆုပ်ကို ယူပြီး စားလိုက်ပါတယ်။

အေး...နွားလျှာအသားနဲ့ နွားသတ်သမား လျှာနဲ့လည်း ထိမိရော နွားသတ်သမားရဲ့ လျှာဟာ အရင်းကနေ ပြတ်ကျပြီး သူ့ထမင်းခွက်ထဲ ကျလာပါတယ်။

ကဲ...ပြုံးနိုင်သေးလား၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ အကုသိုလ်ကံဆိုတာ အကျိုးမပေးသေးခင်တော့ ပြုံးနိုင်ပါတယ်၊ အကျိုးပေးလာရင်တော့ မပြုံးနိုင်တော့ပါဘူး။

အိမ်နောက်ဖေးက နွားကြီးကလည်း လျှာဖြတ်ခံရလို့ သွေး သံရဲရဲနဲ့ အော်လို့၊ အိမ်ပေါ်က နွားသတ်သမားကလည်း လျှာ ပြတ်ကျလို့ အိမ်နောက်ဖေးက နွားကြီးကဲ့သို့ သွေးသံရဲရဲကျပြီး အော်နေရပါတယ်။

http://www.dhammadownload.com



ဘယ်လိုပုံဖြစ်နေလည်းဆိုရင် နွားလိုပဲ လေးဘက်ထောက်ပြီး ပုဆစ်ဒူးတို့ဖြင့် လှည့်ပတ်သွားလာကာ အိမ်ထဲမှာ အော်ဟစ်မြည်တမ်း နေရရှာပါတယ်။

တူသောအကျိုးပေးတယ်ဆိုတာ အဲဒါမျိုးကို ခေါ်ပါတယ်၊ ကံတူအကျိုးပေး ဆိုတာလည်း အဲဒါမျိုးကို ခေါ်ပါတယ်၊ ကိုယ်ပြုလိုက်တဲ့ ကံအတိုင်း ကိုယ်ပြန်ပြီး ခံရတာပါ၊ သူ့ကို ကိုယ်ပြုလိုက်တာက ကံပါ၊ ကိုယ်ပြန်ပြီး အပြုခံရတာက ဝိပါက်ပေါ့။

## အဝီစိငရဲကျ

နောက်ဖေးက နွားကြီးဟာ လျှာဖြတ်ခံရလို့ သွေးသံရဲရဲနဲ့ မစားနိုင် မသောက်နိုင်ဘဲ ဒုက္ခဆင်းရဲစွာ ခံနေရသလို အိမ်ပေါ်က နွားသတ်သမားလည်း မစားနိုင် မသောက်နိုင်ဘဲ လေးဘက်ထောက်ပြီး အိမ်အတွင်းမှာ လှည့်ပတ်အော်မြည်ပြီး နေရရှာပါတယ်။

လျှာမရှိရင် ဘာနဲ့စားမလဲ၊ လျှာဟာ စားသောက်ရေးအတွက် အရေးအင်မတန်ပါတဲ့ ပစ္စည်းကိရိယာတစ်ခုပဲ၊ အဲဒီကိရိယာမရှိတဲ့အတွက် အစားခက်နေတယ်။

ဘုန်းကြီးတို့ ပရိသတ် နွားဟာ လူတွေခိုင်းသမျှ မငြင်းမဆန် အကုန်သိမ်းကျုံးပြီးတော့လုပ်တဲ့ လူတွေရဲ့ စီးပွားဖက်သတ္တဝါတစ်မျိုးပါ၊ အပြစ်အင်မတန်ကင်းတဲ့ သတ္တဝါ တစ်မျိုးပါ။

http://www.dhammadownload.com



အခြားသတ္တဝါတွေနဲ့ ယှဉ်ကြည့်ပါ၊ အိမ်မှာမွေးထားတဲ့ ခွေးတို့ ကြောင်တို့ဟာ အခြားသတ္တဝါတွေအပေါ် အပြစ်ပြုတတ်ကြပါတယ်။ ဒီနွားသတ္တဝါဟာ ဘယ်သူ့အပေါ်မှ အပြစ်မပြုဘဲနဲ့ လူတွေခိုင်းသမျှ အကုန်လုံး ရုန်းကန်လှုပ်ရှား လုပ်ကိုင်နေရတဲ့ သတ္တဝါပါ။

အဲဒီလောက် အပြစ်ကင်းတဲ့ သတ္တဝါဖြစ်တဲ့ နွားသတ် အသက်မွေးတဲ့ လူတွေဟာ မိမိတို့ နွားသတ်သက်တမ်းမကုန်မီ မှာ ကျိုးကန်းချည့်နဲ့ခြင်းစတဲ့ အကျိုးပေးတတ်တာကို ယခု မျက်မှောက် နွားသတ်သမားလောကမှာပဲ လေ့လာကြည့်ပါ။ ကိုယ်တွေ့မျက်မြင် တွေ့ရပါလိမ့်။

အခု ဒီနွားသတ်သမားကြီးဟာ သူ့နွားသတ် သက်တမ်း မကုန်မီဘဲ မကောင်းကျိုးပေးနေပြီလေ၊ သွေးသံရဲရဲနဲ့ အိမ်ထဲမှာ လှည့်အော်နေတော့ အိမ်ပြင် ကျသွားမှာစိုးလို့ သူ့ဇနီးက အိမ် တံခါး ပိတ်ထားရတယ်။

အဲဒီလို နွားသတ်သမားကြီးဟာ အိမ်ထဲမှာ လှည့်ပတ်ပြီး အော်နေတဲ့အခါ သူ့ရဲ့သားက သူ့အဖေ အော်ဟစ်နေပုံကို အနီးအနားမှာ ရပ်ပြီးတော့ ကြည့်ရှုနေပါတယ်။ ကဲ...သားသမီး, ဇနီးမယားတွေ ဘာတတ်နိုင်သေးလဲ။

"အနာရောဂါရသောခါ၊ ကိုးရာမဲ့လှပါတကား"ဆိုတာ အခု လက်တွေ့ပေါ့၊ ကဲ...နွားသတ်သမားကြီးရဲ့ အားကိုးရာ ဘယ်သူ ရှိလဲ၊ ဘယ်သူမှ မရှိပါဘူး။

http://www.dhammadownload.com



ဒီအချိန်မှာ ဒီနွားသတ်သမားကြီးရဲ့ လျှာပြန်ကောင်းသွားအောင် သားသမီး, ဇနီးမယားများက အစားဝင်ပြီး ခံစားပေးပါဆိုရင် ဘယ် သားသမီး, ဇနီးမယားက ဝင်ခံပေးမှာလဲ၊ မပေးပါဘူး၊ ဝင်ခံပေးလို့လည်း မရပါဘူး၊ ကိုယ်ပြု ကိုယ်ခံ ကိုယ်ပြု ကိုယ်စံ မဟုတ်လား၊ ခံမပေးရုံတင်မဟုတ်ဘဲ နွားသတ်သမားရဲ့ ဇနီးက သားကို ပြောတာကြည့်ပါ၊ အင်မတန် ရင်နာစရာ ကောင်းပါတယ်။

အမေက သားကိုခေါ်ပြီး "ချစ်သား နွားကဲ့သို့ အိမ်၏ အလယ်ကောင်၌ ပုဆစ်ဒူးတို့ဖြင့် သွားလာ လှည့်ပတ်ကာ အော်ဟစ်မြည်တမ်းရှာသော ဒီသင့်ဖခင် နွားသတ်ယောက်ျားကို ကြည့်ရှုလော့"

"ချစ်သား၊ ဒီသင့်ဖခင်ရဲ့ ဆင်းရဲခြင်းသည် သင်ချစ်သားရဲ့ ဦးခေါင်းထက်၌ ကျလတ္တံ့၊ ချစ်သား သင်ဟာ ငါမိခင်ကိုလည်း မကြည့်မငဲ့မူ၍ မိမိရဲ့ ချမ်းသာခြင်းကို ပြုလုပ်ကာ ထွက်ပြေးလေလော့"လို့ နိုင်းပါတယ်။

ကဲ...ဘုန်းကြီးတို့ ပရိသတ်...နွားသတ်သမား ဇနီးရဲ့ ပြောစကားကို သတိပြုပါ၊ "ချစ်သား သင့်ဖခင်ရဲ့ ဆင်းရဲခြင်းသည် သင်ချစ်သားရဲ့ ဦးခေါင်းပေါ်၌ ကျလတ္တံ့"တဲ့။

အဲဒါ ဘာကို ဆိုလိုတာလဲဆိုရင် ဖခင်ဟာ မိသားစုကို နွားသတ်ပြီး ကျွေးမွေးနေတာပါ။ ဖခင်မရှိရင် ဖခင်ရဲ့အလုပ်ကို သားက ဝင်ပြီး နေရာယူရမှာပါ။

http://www.dhammadownload.com



အခု မိခင်က သူ့ယောက်ျားရဲ့ မျက်မှောက် ခံနေရတဲ့ ဆင်းရဲကို မြင်တွေ့ရတော့ နွားသတ်မှု အကုသိုလ်ကံရဲ့ အပြစ်ကြီးပုံကို မြင်တွေ့ရပြီး ထိတ်လန့်မှု သံဝေဂ ဖြစ်ကာ သားကို ပြောနေခြင်း ဖြစ်ပါတယ်။

ဟို...မဃဒေဝ လင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီးက သံဝေဂဖြစ်ဖွယ် မှာတမ်းတစ်ခု မှာတမ်း ပြုခဲ့ပါတယ်။

"လောကစီးပွား၊ တစ်လမ်းသွားသာ၊ မယားစားဖို့၊ သားစားဖို့ဟု၊ ကိုယ့်ဖို့ နောင်ဘေး၊ မတွေးမဆ၊ မိုက်အန္ဓဖြင့်၊ လောဘအလို၊ လိုက်မပိုနှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး"တဲ့။

ကဲ...ဘယ်လောက်မှန်လဲ၊ မယားမပါ, သားမပါရုံတင် မဟုတ်ပါဘူး၊ အခု ခံနေရစဉ်မှာပဲ မယားက သားကို ပြေးနိုင်းနေပြီ၊ လက်ရှိ ခံစားနေရတဲ့ ဒုက္ခကို ဘယ်လိုဖြေရှင်းမလဲတောင် မစဉ်းစားပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေဟာ မိမိတို့ မိသားစုအတွက် ရှာဖွေ ကျွေးတဲ့အခါ အထူးသတိပြုပါ၊ အကုသိုလ်မှုတွေ ပြုလုပ်ပြီးတော့ ရှာဖွေ မကျွေးကြပါနဲ့။

ဖနီးမယားက သူ့ရဲ့သားကို "မင်း...ငါ့လည်း မငဲ့နဲ့၊ မိမိရဲ့ ချမ်းသာခြင်းကို ပြုလုပ်ကာ ထွက်ပြေးလေလော့" ပြောပြီး ပြေးနိုင်းတယ်။

http://www.dhammadownload.com



သားလည်း သေဘေးမှ ကြောက်သောကြောင့် မိခင်ကို ရှိခိုးဦးချပြီး ထွက်ပြေးပါတော့တယ်၊ အေး…ကျန်ရစ်ခဲ့တဲ့ နွား သတ်သမားသည်လည်း အိမ်ရဲ့အလယ်၌ နွားကဲ့သို့ အော်မြည် ကာ အကုသိုလ်ကံ အားလျော်စွာ ခံစားနေရပါတယ်၊ အသက် ဆုံးတဲ့အခါ အဝီစိငရဲကို ကျသွားပါတယ်။

## ကိုယ်ပြုကိုယ်ခံ

ဘုန်းကြီးတို့ ပရိသတ်တွေ သားသမီး, သားမယား စသည် တို့ကို ရှာဖွေ ကျွေးမွေးတဲ့အခါမှာ သတ်ဖြတ်, ခိုးဝှက်, လိမ်ညာ၍ မလုပ်ကျွေးကြပါနဲ့ ယခုလက်တွေ့ကြည့်ပါ၊ ကျွေးရင်တော့ စားမှာ ပေါ့၊ ဆင်ရင်လည်း ဝတ်မှာပဲ၊ ထားရင်လည်း နေမှာပဲ၊ ခံစရာ ရှိရင်တော့ မခံပါဘူး၊ အခု သား ပြေးပြီ၊ ကြည့်ပါလား။

အခုအနေ ဘုန်းကြီးတို့ ပရိသတ်ကို သားသမီး, သားမယား တွေကို လိမ်ညာ, သတ်ဖြတ်, ခိုးဝှက် ကျွေးသင့်ပါသလားလို့ မေးရင် မကျွေးသင့်ပါဘုရားလို့ ပြောမှာပဲ။

တကယ်လို့သာ မိမိတို့မိသားစုကို ရှာဖွေကျွေးသူက လိမ်ညာ, သတ်ဖြတ်, ခိုးဝှက်ကျွေးနေရင် ဒီလို မကျွေးပါနဲ့လို့ တားမြစ် မှာလား၊ မသိလိုက် မသိဘာသာ ငြိမ်နေမှာလား မေးရင် ငြိမ်နေ မှာပါ၊ အခုကြည့်လေ၊ နွားသတ်သမားနဲ့ ဇနီး ပြောနေတာ၊ သားကို ပြေးခိုင်းနေတာ၊ ဟိုတုန်းက ဒီလိုပြောလား၊ မပြောဘူး။

http://www.dhammadownload.com



အကုသိုလ်ကံဆိုတာ ကိုယ်ပြု ကိုယ်ခံပါ။ ဘယ်မိသားစုကမှ ဝင်ခံပေးလို့ မရပါဘူး။ ဘယ်ကိုယ်စားလှယ် ဘယ်တန်ခိုးရှင်မှ လည်း ဝင်ခံပေးလို့ မရပါဘူး။

အကုသိုလ်ကံ အပြစ်လည်း လောက အပြစ်အတိုင်းပါပဲ၊ အခု လောကမှာ လူတစ်ယောက်က ပြစ်မှုတစ်ခုကို ကျူးလွန် တယ်ဆိုရင် အဲဒီ ကျူးလွန်သူပဲ ခံရပါတယ်၊ အခြားသူ တစ်ယောက်က ကိုယ်စားဝင်ပြီး ခံပေးလို့ မရပါဘူး။

## စင်ကြယ် ညစ်နွမ်း

အေး...ဘုန်းကြီးတို့ ပရိသတ်တွေ ခုမျက်မှောက် သဘော သဘာဝတွေကိုပဲ သေသေချာချာ လေ့လာစဉ်းစားကြည့်ကြပါ၊ တစ်ယောက်မှာ ဖြစ်နေတဲ့အပြစ်ကို တစ်ယောက်က စင်ကြယ် အောင် လုပ်မပေးနိုင်ပါဘူး။ သူ့အပြစ်ကို သူသိပြီး သူ့ဘာသာသူ စင်ကြယ်အောင် ပြုလုပ်မှ စင်ကြယ်ပါတယ်။

အေး...အဲဒီအတူပါပဲ၊ တစ်ယောက်မှာ အပြစ်ကင်းရှင်း သန့်ရှင်းစင်ကြယ်နေတယ်၊ အဲဒီလို အပြစ်ကင်းရှင်း၊ သန့်ရှင်း စင်ကြယ်နေတာကိုလည်း တစ်ယောက်က ညစ်နွမ်းအောင် မပြုလုပ်နိုင်ပါဘူး။ သူ့ဘာသာသူသာ ညစ်နွမ်းအောင် ပြုလုပ် နိုင်ပါတယ်။

http://www.dhammadownload.com



အခုကြည့်လေ...နွားသတ်သမား အခုလို မျက်မှောက် ဆင်းရဲခံရပြီး အဝီစိငရဲကျသွားတာ သူပြုထားတဲ့ အကုသိုလ်ကံ က သူ့ကိုဒဏ်ခတ်လိုက်တာပါ၊ သူ့အကုသိုလ်ကံကြောင့် သူ ညစ်နွမ်းသွားတာပါ။

အကုသိုလ်ကံက သိပ်ပြီးတော့ ထက်မြက်လာရင် အခု နွားသတ်သမားကို အကျိုးပေးသလို မျက်မှောက်မှာပဲ အကျိုး ပေးတတ်ပါတယ်၊ မျက်မှောက်မှာ အကျိုးပေးပြီး တမလွန်ဘဝ နောက်လောကမှာလည်း ခံရပါတယ်။

ကုသိုလ်လည်း အဲဒီသဘောပါပဲ၊ မိမိရဲ့ ကုသိုလ်ကံ တွေက ထက်မြက်လာရင် မျက်မှောက်မှာ ကောင်းကျိုးချမ်းသာ တွေကို ခံစားစံစား ပျော်ပါးပြီး တမလွန်ဘဝ နောက်လောက မှာလည်း ကောင်းကျိုးချမ်းသာတွေကို ခံစား စံစား ပျော်ပါးရ ပါတယ်။

## တက္ကသိုလ်ရောက်သွား

ကဲ... ဘုန်းကြီးတို့ ပရိသတ် အဖေလုပ်တဲ့ နွားသတ်သမား က သူ့ကုသိုလ်ကံရဲ့ အကျိုးကို သူဒီမျက်မှောက်မှာပဲ အင်မတန် ဆင်းရဲစွာ ခံစားပြီးတော့ အဝီစိငရဲမှာ သွားပြီး ခံစားနေရပြန် ပါတယ်၊ ဟို...သားဖြစ်တဲ့သူက အမေ့စကားအရ ထွက်ပြေး လိုက်တာ တက္ကသိုလ်ပြည်သို့ ရောက်သွားပြီ။

http://www.dhammadownload.com



တက္ကသိုလ်ရောက်သွားတော့ အသိအကျွမ်းလည်း သူ့မှာ ရှိတာမှ မဟုတ်တော့ ပြေးမိပြေးရာပြေး ဝင်မိဝင်ရာအိမ်ကို ဝင်တယ်ပေါ့၊ ဝင်တော့ ပန်းတိမ်ဆရာတစ်ယောက်ရဲ့ အိမ်ထဲ ဝင်သွားမိတယ်။

အိမ်ထဲရောက်တယ်ဆိုရင်ပဲ သူ့ဘဝ အကျိုးအကြောင်း အမှန်အကန်ကို မထိမ်မဝှက်ပြောပြပြီး သူ့ကို ဒီအိမ်မှာထားဖို့ သူ့ကိုနိုင်းချင်တာ နိုင်းဖို့ ပြောပြတဲ့အခါ ပန်းတိမ်ဆရာကြီးက သနားပြီး လက်ခံထားပါတယ်။

သူကလည်း နိုင်းသမျှကို ကျေပွန်စွာ ထမ်းဆောင်လုပ်ကိုင် ရှာပါတယ်၊ ပန်းတိမ်ဆရာကြီးက သူ့ရဲ့ ရိုးသားပုံကို သိတော့ သူ့ကို ပန်းတိမ်ပညာ သင်ပေးပါတယ်၊ သူကလည်း အားကိုးရာ မရှိတော့ ကြိုးစားပြီး သင်ပါတယ်။

အေး...ဆရာကြီးကလည်း သူ့ကို ကြိုးစားပြီး သင်ပေး၊ သူကလည်း ကြိုးစားပြီး သင်ယူတယ်၊ အခြားလုပ်သင့်လုပ်ထိုက် တဲ့ အိမ်မှုကိစ္စတွေကိုလည်း ကျေပွန်စွာ ထမ်းဆောင်တယ်၊ မကြာမီဘဲ ပန်းတိမ်ပညာ တတ်လာပါတယ်။

အဲ...တစ်နေ့တော့ ပန်းတိမ်ဆရာကြီးက သူ့ကို စမ်းကြည့် တဲ့သဘောနဲ့ သူ့ကို ဆရာကြီးတွေသာ လုပ်နိုင်တဲ့ တန်ဆာ တစ်ခုကို လုပ်ခိုင်းပြီး ရွာတစ်ရွာသို့ ထွက်သွားပါတယ်၊ သူသည် တန်ဆာကို အတတ်နိုင်ဆုံး ကောင်းအောင်ကြိုးစားပြီး ပြုလုပ် ပါတယ်။

http://www.dhammadownload.com



အဲ...ပန်းတိမ်ဆရာကြီး ခရီးသွားရာက ပြန်လာတဲ့အခါ သူပြုလုပ်ထားတဲ့ တန်ဆာကို ဆရာကြီးကို သွားပြီးအပ်တဲ့အခါ ဆရာကြီးက တန်ဆာကို မြင်ရရင် "အင်း...ဒီသူငယ်ကား မည်သည့်အရပ်၌မဆို ဒီပန်းတိမ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းခြင်းငှာ စွမ်းနိုင်ပြီ"လို့ တွေးပါတယ်။

ပြီးတော့ ဒီသူငယ်ဟာ ရိုးလည်းရိုးသားတယ်၊ ကြိုးလည်း ကြိုးစားတယ်၊ ပန်းတိမ်ပညာဖြင့်လည်း အသက်မွေးဝမ်းကျောင်းနိုင်ပြီ၊ အိမ်ထောင်ပြုဖို့ အရွယ်လည်းရောက်နေပြီ၊ ငါ့မှာလည်း အရွယ်ရောက်နေသော သမီးတစ်ယောက် ရှိနေတယ်။

ဒီသမီးကို ငါ့တပည့်ရင်းဖြစ်သည့် ရိုးသား ကြိုးစားတဲ့ ဒီပညာတတ် သူငယ်နဲ့ပဲ ထိမ်းမြားပေးစားမှပဲလို့ စဉ်းစားဆုံးဖြတ်ပြီး တပည့်နဲ့သမီးကို ထိမ်းမြားပေးစားလိုက်ပါတယ်။

## သာဝတ္ထိပြည်သွား

အေး...နွားသတ်သမားရဲ့သားဟာ ပန်းတိမ်ဆရာကြီးရဲ့ သမီးနဲ့ အိမ်ထောင်ကျပြီး အလုပ်လုပ်နေရင်းနဲ့ သားသမီးများ ထွန်းကားလာပါတယ်၊ အဲ...သားသမီးတွေ အရွယ်ရောက်လာတဲ့အခါ အတတ်ပညာတွေ သင်ကြားတတ်မြောက်ပြီးတော့ သာဝတ္ထိပြည်သို့ သွားရောက်ပြီးတော့ အလုပ်အကိုင် ရှာဖွေ

http://www.dhammadownload.com



လုပ်ကိုင်ကြပါတယ်၊ အဲဒီသာဝတ္ထိပြည်မှာပဲ အိမ်ထောင်ကျကြပါတယ်။

ကဲ...ဘုန်းကြီးတို့ ပရိသတ်တွေ ကြည့်ကြပါ၊ သတိထားပြီး စဉ်းစားကြည့်ပါ၊ သံသရာလည်နေပုံ၊ နွားသတ်သမားရဲ့သားဟာ သာဝတ္ထိမှ တက္ကသိုလ်ပြေးပြီး ဒီမှာအိမ်ထောင်ကျ၊ သားသမီးတွေရ၊ အခု နွားသတ်သမားရဲ့မြေးတွေက တက္ကသိုလ်ကမှ သာဝတ္ထိသို့လာပြီး အိမ်ထောင်ကျကြတယ်။

မျက်မှောက်ဘဝမှာပဲ ဟိုကလူကဒီရောက် ဒီကလူက ဟိုရောက်နဲ့ သံသရာချာချာလည်နေတာ၊ ရှေ့ကို ဘယ်လောက် လည်ရဦးမလဲဆိုတာ စဉ်းစားသာကြည့်ပါတော့။

## စဉ်းစားကြသည်

ပြန်ပြောဦးမယ်၊ တက္ကသိုလ်ပြည် ရောက်သွားတာက နွားသတ်သမားရဲ့သားပါ၊ အခု သာဝတ္ထိပြည်သို့ ရောက်လာသူတို့က နွားသတ်သမားရဲ့ မြေးတွေပါ၊ ဟိုတက္ကသိုလ်ပြည်မှာက သာသနာ မထွန်းကားပါဘူး၊ သာဝတ္ထိပြည်မှာက သာသနာ ထွန်းကားတော့ နွားသတ်သမားရဲ့ မြေးတွေဟာ သာသနာကို ကြည်ညိုမှီခိုသူတွေ ဖြစ်လာပါတယ်။

အေး...ပြောရရင် သူတို့အဘိုး ဟို...နွားသတ်သမားဟာ သာဝတ္ထိပြည်သားပါ၊ သာဝတ္ထိပြည်မှာ သာသနာထွန်းကားသော်

http://www.dhammadownload.com



လည်း အဲဒီနွားသတ်သမားကတော့ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း ဘာမှန်းမှ မသိပါဘူး၊ ဒါန, သီလ, ဘာဝနာတွေလည်း နားမလည်ပါဘူး။

အေး…အိမ်တစ်အိမ်မှာ မိဘနှစ်ပါးက ရတနာသုံးပါးနဲ့ မနီးစပ်၊ ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်တွေ ဝါသနာ မပါဘူးဆိုရင် သားသမီးတွေအနေနဲ့ ဝါသနာပါဖို့ရာ မလွယ်ပါဘူး၊ အင်း…ပင်ကို ပဋိသန္ဓေ ပညာပါလာရင်တော့ ဝါသနာပါတတ်ပါတယ်။

အခု နွားသတ်သမားရဲ့မြေးတွေဟာ သူတို့အဖေ နွားသတ်သမားရဲ့သားက ဝါသနာမပါပေမယ်လို့ သူတို့တစ်တွေကတော့ ပတ်ဝန်းကျင်ဆွဲဆောင်မှု မိတ်ကောင်း ဆွေကောင်း ကြုံကြိုက်မှုကို အကြောင်းပြုပြီးတော့ ရတနာသုံးပါးကို ကြည်ညိုကြပါတယ်၊ ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်တွေ ပြုကြပါတယ်။

ကုသိုလ်ဆိုတာ ပြုစရှိမှ ပြုချင်တယ်၊ ပြုစရှိမှပြုရဲတယ်၊ ပြုစရှိမှလည်း ကုသိုလ်နဲ့ ပျော်ပါတယ်၊ ကုသိုလ်နဲ့ပျော်တတ်မှလည်း ကုသိုလ်မပြုရတဲ့ အပြစ်တွေကို ပြန်ပြီးတော့ သိပါတယ်။

အေး…အဲဒါကြောင့် နွားသတ်သမားရဲ့ သားရဲ့ သားသမီးတွေဟာ ဟိုတက္ကသိုလ်ပြည်မှာ သူတို့ ဘုရားဝေး၊ တရားဝေး၊

http://www.dhammadownload.com



သံဃာဝေး။ ကုသိုလ်ဝေးနဲ့ နေခဲ့တာနဲ့ ယခုသာဝတ္ထိပြည်မှာ ဘုရားနီး၊ တရားနီး၊ သံဃာနီး၊ ကုသိုလ်တရားတွေနဲ့ ပျော်မွေ့နေရတာ နှိုင်းယှဉ်ပြီး သူတို့ စဉ်းစားကြည့်ကြတယ်၊ အဲဒီလို နှိုင်းယှဉ်စဉ်းစားကြည့်တော့မှ ကွာချင်တိုင်းကွာနေတာကို သူတို့ သိကြပါတယ်။

ဟုတ်ပါတယ် ဘုန်းကြီးတို့ပရိသတ်၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် တစ်ခုတည်းဆိုရင် အကောင်းအဆိုးခွဲကြည့်ဖို့ရာ မလွယ်ကူပါဘူး။ နှစ်ခုနှိုင်းယှဉ်ကြည့်မှ အလွယ်တကူ သိနိုင်ပါတယ်။

အခု နွားသတ်သမားရဲ့ သားရဲ့ သားသမီးတွေက နှိုင်းယှဉ်ကြည့်ပြီး အင်း...တို့ကတော့ ဘုရား, တရား, သံဃာ ရတနာသုံးပါးနဲ့ပျော်လို့၊ ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်တွေနဲ့ ပျော်လို့၊ တို့အဖေတော့ ဘုရား, တရား, သံဃာ, ရတနာသုံးပါးလည်း မသိ၊ ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တရား တွေလည်း မရှိနဲ့ဆိုတော့ အခက်ပဲလို့ စဉ်းစားကြပါတယ်။

အဲဒီလို စဉ်းစားပြီးတော့မှ သူတို့က သူတို့ရဲ့ ဟိုတက္ကသိုလ်က အဖေကို သာဝတ္ထိပြည်သို့ သွားခေါ်ပြီးတော့မှ သက်ရှင်ဆွမ်းကျွေး တရားနာစေတာပါ၊ ဒီအကြောင်းကို ဘုန်းကြီးတို့ တရားနိဒါန်းက ပြောခဲ့ပြီးပါပြီ၊ အခုဆိုရင် အဆုံးနဲ့အစ ပြန်ပြီးတော့ ဆက်စပ်မိပါပြီ။

http://www.dhammadownload.com



## ယနေ့အလှူမင်္ဂလာ

ယနေ့ အလှူမင်္ဂလာကတော့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ မွေးနေ့ သက်ရှင်ဆွမ်းကျွေး အလှူမင်္ဂလာပါ၊ ဒီမှာလည်း သားသမီးတွေက အချို့က မန္တလေးမှာ၊ အချို့က ရန်ကုန်မှာ၊ အချို့က တောင်ကြီးမှာ။ ယခု မန္တလေး, ရန်ကုန်, တောင်ကြီး သားသမီးတွေ စုပေါင်းပြီး တောင်ကြီးရှိ မိမိတို့ အမေအတွက် သက်ရှင်ဆွမ်းကျွေးပေးတာပါ။

ဘုန်းကြီးတို့ တောင်ကြီးက အိမ်ခြေပေါင်း(၂၂၁၉)အိမ်ပဲ ရှိပါတယ်၊ ကျောင်းပေါင်းက (၂၁)ကျောင်း ရှိတယ်၊ သံဃာတော်ပေါင်း (၂၈၀)ကျော် ရှိတယ်ဆိုတော့ သာသနာ ထွန်းကားတာပေါ့၊ ဘုန်းကြီးတို့ ဓမ္မဒူတတောရမှာ သံဃာတော်(၆၈)ပါး ရှိတယ်။

အဲဒီတော့ သားသမီးတွေက သာသနာ ထွန်းကားရာလည်းဖြစ် မိခင်ကြီးကလည်း ပင်ကိုကလည်း သာသနာကို ကြည်ညိုပြီးသားလည်းဖြစ် သဒ္ဓါတရားနဲ့ ပြည့်စုံပြီး ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်တရားတွေကိုလည်း ပြုနေသူဖြစ်တဲ့ မိခင်ကြီး ကို ပိုပြီးတော့ စိတ်တိုင်းကျ ကုသိုလ်ပြုနိုင်အောင် မွေးနေ့သက်ရှင် ဆွမ်းကျွေး ကုသိုလ်မင်္ဂလာ ပြုပေးတာပါ။

http://www.dhammadownload.com



ဒါ့ကြောင့် အစကတည်းက ပြောခဲ့ပါတယ်၊ ဟိုသက်ရှင်ဆွမ်းကျွေးနဲ့ ဒီသက်ရှင်ဆွမ်းကျွေး မတူတာလည်းရှိတယ်၊ တူတာလည်းရှိတယ်လို့ ပြောခဲ့ပါတယ်။

ဟုတ်ပါတယ်၊ ကျောင်းအစ်မကြီး ဒေါ်စိန်တင်တို့အိမ်ဟာ ဓမ္မဒူတ တောရကျောင်းက သံဃာတော်တွေ ခရီး အသွားအပြန်၊ ဆေးရုံ တက်,ဆင်း စသည်တို့မှာ သူတို့အိမ်မှာချည်း ဆွမ်းစားတာများပါတယ်။

သူတို့အိမ်ဟာ ခရီးသွား,ပြန် သံဃာတော်တွေရဲ့ ခရီးသွား, ပြန် ဆွမ်းစားရာဌာန၊ ဆေးရုံတက်, ဆင်းရာ သံဃာတော်တွေရဲ့ ဂိလာန ဆွမ်း၊ ဂိလာန ပြုစုသူတို့ရဲ့ ဆွမ်းစားရာဌာန တစ်ခုလို ဖြစ်နေပါတယ်။ ဓမ္မဒူတတောရက ကျောင်းသားလေးတွေရဲ့ နေမကောင်းလည်း အဲဒီမှာ စားကြသောက်ကြရတာပါပဲ။

တစ်ခါ ဓမ္မဒူတတောရမှာ သံဃာတော်တွေ နေမကောင်းပြန်ရင်လည်း သူတို့အိမ်ကပဲ ပို့လှူတာ များပါတယ်၊ ဒါ့ကြောင့် ကျောင်းအစ်မကြီး ဒေါ်စိန်တင်တို့အနေနဲ့ ကုသိုလ်ရေးဟာ တိုက်တွန်းစရာ မလိုပါဘူး၊ စိတ်တိုင်းရှိ လှူနိုင်အောင် အခုလို ပံ့ပိုးပေးဖို့သာ လိုပါတယ်၊ အဲဒီလို သိလို့လည်း သားသမီးတွေက ယနေ့ သက်ရှင်ဆွမ်းကျွေး မွေးနေ့မင်္ဂလာမှာ ပံ့ပိုးပြီး လှူပေးကြတာပါ။

http://www.dhammadownload.com



# အကူအညီ

ဘုန်းကြီးတို့ အကူအညီ(၂)မျိုး ရှိတယ်၊ စီးပွားရေးအကူအညီ၊ ကုသိုလ်ရေး အကူအညီရယ်လို့ (၂)မျိုးရှိပါတယ်၊ အများအားဖြင့် မိဘတွေက သားသမီးတွေကို သားသမီးတွေက မိဘကို၊ ညီအစ်ကို မောင်နှမ အချင်းချင်း၊ မိတ်ဆွေအချင်းချင်းတို့ဟာ တစ်ဦးနဲ့တစ်ဦး စီးပွားရေး အကူအညီတော့ အပြန်အလှန် ပေးတတ်ကြပါတယ်။

အဲဒီစီးပွားရေး အကူအညီဆိုတာ ဒီတစ်ဘဝအတွက်သာပါ၊ ဒီတစ်ဘဝတောင် လုံလောက်ချင်မှ လုံလောက်ပါမယ်၊ ကုသိုလ်ရေး အကူအညီပေးရင် ယခုဘဝရော နောက်နောင်ဘဝများစွာပါ ကူညီရာရောက်ပါတယ်။

ဒါကြောင့် အဖေအမေတွေက ကုသိုလ်ရေးဝါသနာပါပြီး ကုသိုလ်တွေ ကြိုးစားပြုလုပ်နေပြီ၊ ကုသိုလ်အကျိုးကျေးဇူးတွေ သိနေပြီဆိုရင် မသိသေးတဲ့ သားသမီးတွေကို ကုသိုလ်ရေး အကူအညီပေးရပါမယ်။

အခု သာဝတ္ထိပြည်က သားသမီးတွေက ကုသိုလ်ရေး ဝါသနာပါပြီး၊ ကုသိုလ်အကျိုးကျေးဇူးသိပြီး၊ ကုသိုလ်နဲ့ ပျော်မွေ့နေကြပြီး ကုသိုလ်ဆိုတာ ဘာမှန်းမသိသေးတဲ့ ဟိုတက္ကသိုလ်က အဖေကြီးကိုခေါ်ပြီး သက်ရှင်ဆွမ်းကျွေး ကျွေးပြီး တရားနာစေ

http://www.dhammadownload.com



လိုက်တာ ပထမအကြိမ်မှာ အဘိုးကြီး သောတာပန် ဖြစ်သွားတယ်။ ဒုတိယအကြိမ်မှာ အနာဂါမ်ဖြစ်သွားတယ်။

အေး…ကုသိုလ်ဝါသနာမပါသူကို ဝါသနာပါသူက ကူညီသင့်ပါတယ်။ စီးပွားရေးအပြန်အလှန် ကူညီသလို တရားရေး၊ ကုသိုလ်ရေးလည်း အပြန်အလှန် ကူညီသင့်ပါတယ်။

အဲဒီလို တရားရေးကုသိုလ်ရေးနဲ့ အကူအညီပေးလိုက်လို့ သိသွား၊ လိမ္မာသွားပြီဆိုရင် မရှိသေးတဲ့ စီးပွားဥစ္စာတွေလည်း ရှိလာနိုင်ပါတယ်။ ရှိပြီးသား စီးပွားဥစ္စာတွေလည်း တည်မြဲခိုင်ခံ့ တိုးပွားလာနိုင်ပါတယ်။

အဲ…အသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့ သူတစ်ယောက်ကို စီးပွားရေးအကူအညီပေးကြည့်ပါ၊ ကိုယ်ပါမွဲသွားမယ်၊ သူကတော့ ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ပါဘူး။

အေး…အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေက ကူညီတာနဲ့ ပတ်သက်လို့ အဲဒီလို ကုသိုလ်ရေးနဲ့ ပတ်သက်လို့ အကူအညီပေးတာကို သဘောပေါက်ကြပါ။

ဒီကနေ့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ သားသမီးတွေဟာ တို့အမေကို တို့မသေခင် ကုသိုလ်တွေ စိတ်တိုင်းကျ ပြုသွားနိုင်အောင် အကူအညီ ပေးသွားသော အားဖြင့် အမေ့ကျေးဇူးဆပ်မယ်ဆိုပြီး ဒီကုသိုလ် မင်္ဂလာပွဲကို ပြုလုပ်တာပါ။

http://www.dhammadownload.com



## ကျေးဇူး ကျေ, မကျေ

အေး...မိဘကို ကျေးဇူးဆပ်လို့ ကျေတာ မကျေတာနဲ့ ပတ်သက်ပြီး ပြောရရင် ပကတိလုပ်ကိုင်ကျွေးမွေးပြီး ဆပ်လို့တော့ မကျေနိုင်ပါဘူး။ အသက်မွေးတဲ့ အချိန်ကစပြီး အသက်သေသည့် တိုင်အောင် အခြားဘာအလုပ်ကိုမှ မလုပ်ဘဲနဲ့ အမိကို လက်ဝဲဘက် ပခုံးပေါ်တင်၊ အဖကို လက်ယာဘက် ပခုံးပေါ် တင်ပြီး အမြဲတမ်းသေသည့်တိုင်အောင် လုပ်ကျွေးသော်လည်း မိဘကျေးဇူးဟာ မကျေနိုင်ပါဘူး။

ဘာနဲ့လုပ်ကျွေးမှ ကျေနိုင်သလဲဆိုရင် တရားနဲ့လုပ်ကျွေးမှ ကျေနိုင်ပါတယ်၊ တရားနဲ့ဆိုတာက ဒါနမပြုတဲ့ မိဘတွေကို ဒါန ပြုစေပြီး လုပ်ကျွေးရမယ်၊ သီလမဆောက်တည်တဲ့ မိဘတွေကို သီလဆောက်တည်စေပြီး လုပ်ကျွေးရမယ်၊ သမထ, ဝိပဿနာ, ဘာဝနာ မပွားတဲ့ မိဘတွေကို သမထ, ဝိပဿနာ, ဘာဝနာ တရားတွေကို ပွားစေသောအားဖြင့် လုပ်ကျွေးရပါမယ်။ အဲဒီလို လုပ်ကျွေးရင် ကျေပါတယ်။

ဒီကနေ့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ သားသမီးတွေဟာ ကျောင်းအစ်မကြီးကို ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်တွေကို ပြုစေသောအားဖြင့် ကျေးဇူးဆပ်နေ ကြပါတယ်၊ ပကတိလည်း အဝတ်အစား စသည့် ပေးကျွေးပြီး

http://www.dhammadownload.com



လည်း ဆပ်ပါတယ်။ ဘုန်းကြီးတို့ ကျောင်းအစ်မကြီးဟာ သားသမီးတွေ ရကျိုးနပ်ပါတယ်၊ မွေးကျွေးရတဲ့ ကျေးဇူးနပ်ပါတယ်။

## ဘုရားရှင်ကိုကြည့်ပါ

ဘုန်းကြီးတို့ ဘုရားရှင်ဟာ ဘုရားအဖြစ်သို့ရောက်ပြီး နောက်တစ်ဝါမှာ ကပိလဝတ်နေပြည်တော်သို့ ကြွသွားပြီး ခမည်းတော် မယ်တော်တွေကို အစထားပြီး ညီတော်မင်းနန် သားတော် ရာဟုလာ စတဲ့ သာကီဝင်မင်းသား ဆွေမျိုးအများကို ချွတ်ချွတ်တာကို သတိပြုပါ။ အဲဒါ တရားနဲ့ ကျေးဇူးဆပ်တာပါ။

နောက်... သာဝတ္တိသာနတ်ပြည်တက်ပြီး မယ်တော် ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးထားတဲ့ နတ်ပြဟ္မာအများအား တရားဟောတာဟာ တရားနဲ့ ကျေးဇူးဆပ်တာပါ။ ဒါကြောင့် မယ်တော်ဖြစ်တဲ့ မိထွေးတော်ဂေါတမီက ပရိနိဗ္ဗာန်စံခါနီးမှာ "သားတော်ဘုရား၊ သားတော်ဘုရားဟာ မယ်တော့်အပေါ်မှာ နို့ဖိုး ကြွေးမရှိတော့ပါဘူး"လို့ လျှောက်ထားခဲ့ပါတယ်။

ဒါကြောင့် ဘုရားရှင်ဟာ မယ်တော် ခမည်းတော်အမှူးထားတဲ့ ဆွေတော် မျိုးတော်တွေကို တရားဟောပြီး တရားကျင့်စေပြီး တရားနဲ့ကျေးဇူးဆပ်သွားပါတယ်၊ အဲဒါကို သေသေချာချာ ကြည့်ရှုပါ၊ အတုယူပါ။

http://www.dhammadownload.com



ဒီကနေ့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ သားသမီးများကလည်း ဘုရားရှင်ကို နည်းယူပြီး သူတို့မိခင်ကြီး အား တရားနဲ့ ကျေးဇူးဆပ်နေကြတာပါပဲ။

တရားနဲ့ ကျေးဇူးဆပ်တယ်ဆိုတာ ကိုယ်ကိုယ်တိုင် တရား ကျေးဇူးသိမှ ဆပ်နိုင်တာပါ၊ ဘုန်းကြီးတို့ ဘုရားရှင်ဟာ တရားမင်း ဘုရင်ကြီးပါ၊ ဘုရားရှင်ထက်ပိုပြီး တရားကျေးဇူးသိသူဟာ မရှိ ပါဘူး။

ယခု ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ သားသမီးများလည်း အားလုံးပဲ တရားတွေကို နာကြား, မှတ်သား အားထုတ်ဖူးသူတွေဖြစ်တော့ တရားကျေးဇူး သိနေ ကြသူတွေ ဖြစ်လို့ သူတို့အမေကို တရားနဲ့ ကျေးဇူးဆပ်ရမှန်း သိပြီး သက်ရှင်ဆွမ်းကျွေး တရားနာစေကာ ကျေးဇူးဆပ် တာပါ။

ဟုတ်ပါတယ်၊ သူတို့တစ်တွေဟာ သက်ရှင်ဆွမ်းကျွေး တစ်နပ်ကျွေးရတာနဲ့ သေခါမှ သက်ပျောက်ဆွမ်းကျွေး, မြေဆင်း ဆွမ်းကျွေး၊ ရက်လည်ဆွမ်းကျွေး စတဲ့ သက်သေဆွမ်းကျွေးတွေ နဲ့ အကျိုးကျေးဇူး ကွာခြားမှန်းသိလို့ အခုလို သက်ရှင်ဆွမ်းကျွေး ကျွေးမွေးလှူဒါန်းကြတာပါ၊ အဲဒီအစဉ်အလာဟာ ကောင်းမြတ်တဲ့ အစဉ်အလာပါ။ အဲဒီလို အစဉ်အလာကောင်းကို သားစဉ် မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ကြပါ။

http://www.dhammadownload.com



## ဆုတောင်းနှင့်အမျှဝေ

ကဲ...ဘုန်းကြီးတို့ ပရိသတ် ဒီလောက်ဆိုရင် သက်ရှင်ဆွမ်းကျွေးရဲ့ အကျိုးကျေးဇူးကို သဘောပေါက်လောက်ပါပြီ။ သက်ရှင်ဆွမ်းကျွေးနဲ့ သက်သေဆွမ်းကျွေး အကျိုးကျေးဇူး ကွာခြားပုံလည်း သဘောပေါက်သွားပါပြီ၊ ဟိုအဘိုးကြီးရဲ့ သက်ရှင်ဆွမ်းကျွေးနဲ့ ဘုန်းကြီးတို့ ကျောင်းအစ်မကြီး ဒေါ်စိန်တင်ရဲ့ သက်ရှင်ဆွမ်းကျွေး မတူပုံ၊ တူပုံတို့ကိုလည်း သိပြီးပါပြီ။

အခု ဘုန်းကြီးတို့ ကျောင်းအစ်မကြီးဒေါ်စိန်တင်လည်း သူကိုယ်တိုင် သားသမီးများ စုံစုံလင်လင်နဲ့ အတူတကွ လှူဒါန်းရ၊ ဆက်ကပ်ရ၊ တရားနာရလို့ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေပါပြီ။

ဟုတ်တာပေါ့၊ အခုလို အသက်ရှင်စဉ် ကုသိုလ်ပြုရတော့ ဒီကုသိုလ်တွေက ပြုသူကျောင်းအစ်မကြီးနဲ့အတူ ပါသွားပြီပဲ၊ ယခုဘဝအတွက်လည်း ပူစရာမရှိပြီ၊ နောက်ဘဝအတွက်လည်း ပူစရာမရှိပြီ၊ ယခုဘဝလည်းဝမ်းသာ၊ နောင်ဘဝလည်း ဝမ်းသာ ရပါတယ်၊ ကဲ...ဝမ်းသာစွာနဲ့ တရားသိမ်းကြပါစို့။

ဗောဓိယာ ပစ္စယော ဟောတု၊
ဣဒံ နော ပုညမင်္ဂလံ၊
သုမနေဟိ ပသန္နေဟိ၊
အတ္တမနေဟိ သဒ္ဓိတံ။ ။

http://www.dhammadownload.com



သုမနေဟိ၊ ပုဗ္ဗစေတနာဖြင့် လွန်စွာဝမ်းမြောက်ကြကုန်လျက်။ ပသန္နေဟိ၊ မုဉ္စစေတနာဖြင့် သဒ္ဒါရွှန်းစို လွန်ကြည်ညိုကြကုန်လျက်။ အတ္တမနေဟိ၊ အပရ စေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကုန်လျက်။ နောအမေ့ဟိ၊ မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင်အကျွန်ုပ်တို့သည်။ သဒ္ဓိံ၊ စေတနာသုံးတန် ထက်သန် ကြည်နူးဆည်းပူးပွားများ အားထုတ်အပ်ခဲ့သမျှသော။ ဣဒံ ပုညမင်္ဂလံ၊ ဤဒါန, သီလ, သမထ, ဝိပဿနာ။ ဝေယျာဝစ္စ ကုသိုလ်မင်္ဂလာ ကောင်းမှုအစုစုသည်။ ဗောဓိယာ၊ သစ္စာလေးအင်နိုင်သဖင်ကို ပြိုင်ယှဉ်ဆွတ်ခူး, ထွတ်ဖူးရင့်သန် ကိုယ်စီကိုယ်ငတောင့်တရင်း အမှန်ဖြစ်ပေသော သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိဟု ခေါ်ဆိုအပ်သော မဂ်ဉာဏ်လေးပါး အသီးသီးသော ဗောဓိဉာဏ်များ၏။ ပစ္စယော၊ မချွတ်ရအောင် ကျေးဇူးဆောင်ထား, အခေါင်နိဿရည်း အားကြီးသော အထောက်အပံ့သည်။ ဟောတု၊ မြေလက်ခတ်နှင့် မြောက်သည်ခဲ့သို့ မလွဲပုံမှန်ကေန်စင်စစ် ဖြစ်ပါစေသတည်း။

ပုညသိ မယာဘာဂဉ္စ၊
ဒဒါမ သဗ္ဗပါဏိနံ။
သမံ လဘန္တု တေ သဗ္ဗေ၊
မဟီယံ ဌာတု သက္ခိတော။ ။

http://www.dhammadownload.com



ကြမသသပညသ၊ စေတနာသုံးတန် ထက်သန်ကြည်နူး ဆည်းပူး ပွားများ အားထုတ်အပ်ခဲ့သမျှသော ဤ ဒါန, သီလ, သမထ, ဝိပဿနာ, ဝေယျာဝစ္စ ကုသိုလ်မင်္ဂလာကောင်းမှု အစုစု၏။ ဘာဂ္ဂ၊ သတ္တိပ်ဟု ခေါ်ရ, ကုသိုလ်ကောင်းမှု၏ အဖို့ ဘာဂကိုလည်း။ သဗ္ဗပါဏီနံ၊ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန် ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့အား။ ဒဒါမ၊ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပေးဝေ လိုက်ပါကုန်၏။ (ဝါ) ဒဒါမ၊ အမျှ... အမျှ... အမျှဟု ပေးဝေငှလိုက်ပါကုန်၏။ တေ သဗ္ဗေ၊ မိဘ ဆရာသမား အစထား၍ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန် ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ထို လူ နတ် ဗြဟ္မာ သတ္တဝါ အနန္တ မှန်သမျှတို့သည်။ အမေ့ဟိ၊ မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့နှင့်။ သမံ၊ အညီအမျှ။ လဘန္တု၊ ရကြသည် ဖြစ်ပါစေကုန်သတည်း။ အယံ မဟီ၊ ယူဇနာကိန်း နှစ်သိန်းလေးသောင်း စုပေါင်းသချာ ဤမဟာပထဝီမြေကြီး ကြီးသည်။ (အမေ့သု၊ မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့သည်။ ကတ္ထဓေ့သု၊ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် သက်သေအရာ တည်လာခံလာသည်ကို အလိုရှိကုန်လတ်သော်။ နော၊ မြင့်မြတ်သာကြည် ပါရမီရင့်ကျူး ဇာနည်ထူး သူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့၏။) သက္ခိတော၊

http://www.dhammadownload.com



သက်သေအရာ၌။ ဒွာတု၊ သူတစ်ဖက်သား သိလောက်သော အခြင်းအရာအားဖြင့် မြေရော ရေပါ တည်လာခဲ့လာသည် ဖြစ်ပါစေသတည်း။

သာဓု... သာဓု... သာဓုပါဘုရား။ ။

http://www.dhammadownload.com



# နိဂုံး

## ရေးစ, ရေးပြီးချိန်

ဤသက်ရှင်ဆွမ်းကျွေး တရားတော်စာအုပ်ကို မိမိသည် ၁၃၅၂ ခုနှစ် ပြာသိုလဆန်း ၄ ရက်နေ့မှ စတင်ကျင်းပသော ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက် လယ်ပြင်ကျောင်းတိုက် (၁၀)ကြိမ်မြောက် ၁၀-ရက်စခန်းမှ စတင်ရေးသားပါသည်။ အပြီးမသတ်ပါ။ ၎င်းမှ သုံးကွင်းဆိုင်စခန်း၊ တာဂွမြို့မကျောင်းစခန်း၊ ဓမ္မိအောင်ချမ်းသာစခန်း၊ ဘုတ်ရှစ်ကုန်းစခန်း၊ ဇရပ်ကုန်းစခန်းများကို ကျော်လွန်ကာ ကျုံပျော်မြို့နယ်၊ အင်းရဲ ဓမ္မဒီပရိပ်သာ ၁၀-ရက်စခန်းအရောက် ၁၃၅၂-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့ နံနက် ၈း၁၅ နာရီ အချိန်တွင်မှ အပြီးသတ်သွားပါသည်။

http://www.dhammadownload.com



## ကျေးဇူးဆပ်ပါ၏

မိမိမှာ အလုပ်များသူဖြစ်၍ စာကို ဆက်တိုက်မရေးနိုင်, မရေးအားပါ၊ တရားပြချိန်, တရားဟောချိန်နဲ့ ညှော်သည်မလာချိန်များ၌သာ ရေးသားရပါ၏။ ရံခါ ရံခါ စာရေးကောင်းချိန်တွင် ညှော်သည်လာ၍ ရပ်ထားရပါ၏၊ သို့ဖြစ်၍ ရေးလက်စပြတ်ပြီး ဆက်ရေးသည့်အခါ အစက စကားဆက်ကို အတော်ပဲကြိုးစား စဉ်းစားရပါ၏။

ဤသက်ရှင်ဆွမ်းကျွေး တရားတော် စာမူကို ပဲခူးတိုင်း စာရင်းစစ်မှူး ဒေါ်စိန်ထွေးက တိတ်ခွေမှ လက်ရေးမူသို့ ကူးပေးသဖြင့် ၎င်းမူကို မိမိက ပြန်ပြီး ပြင်ဆင်ကာ အချောရေးလိုက်ခြင်း ဖြစ်ပါသည်။

ဤမျှ ကြိုးစား ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး ဆရာသမားများ၊ ရဟန်း ဒကာ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟအများတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာရာ တရားပွဲများ၊ တရားစခန်းများ ကျင်းပရာဌာနမှ ဒကာ ဒကာမများ၊ ဆရာတော်များက မိမိ၏ကျမ်းစာ ပြုစုရေးသားနိုင်ရေးအတွက် အကူအညီပေးကြ

http://www.dhammadownload.com



သည်ကို များစွာကျေးဇူးတင်ပြီး ယင်းကျေးဇူးကို အထူးသိကာ ဤကျမ်းစာဖြင့် ပြန်ဆပ်ပါ၏။

## အမျှဝေပါ၏

ဤမျှ ရက်,လ,တို့ဖြင့် ဖွဲ့ခိုင်ခိုင် ဝီရိယကောင်းကောင်း ဖြင့် ကြိုးစားရေးသားရသော ဤသက်ရှင်ဆွမ်းကျွေး တရားတော် စာအုပ်အတွက် ရရှိသည့် ဓမ္မဒါန အမတဒါန မဟာကုသိုလ် ကောင်းမှုထူးကြီး၏ အဖို့ဘာဂ အ၀၀ကို–

"မြင်းမိုရ်စကြဝါ၊ ပမာဆယ်ဆ၊ နိူင်းမတုအောင်၊ ဗဟုပကာရ ဂုဏ်ကြီးလှသား၊ မိဖနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရှောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ၊ ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယာမ်မပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ နိဂုံဇနပဒ၊ ဝေးနီးစသည့်၊ ရှိကြထိုထို၊ များလှုမိုလ်ပါ၊ ကိုယ်ကို စောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရုက္ခာ၊ အာကာသစိုး၊ တန်ခိုး မဟိဒ်၊ ပုညဖိဒ်နှင့် ဂုဏ်ဟိတ်မြင့်မား၊ သိကြားသဂ္ဂ၊ ဝါသဝနှင့်၊ လောကစောင့်လျဉ်း၊ နတ်မင်းလေးဖြာ၊ သာတာဂီရိ၊ မည်ရှိ တစ်ဝ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြင် တထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ကြား

http://www.dhammadownload.com



တတ်သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသက္ကသရ၊ လောက
သဟာသ်၊ ဝန်းပတ်ရံခြံ၊ မဟာမြို့တို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊
မြေဖွားရေသောက်၊ ထိုရွှေ့လောက်ထိ၊ ထက်အောက်ဝန်းကျင်၊
များပုံယင်အား၊ အကြင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငှမသွေ၊
"အမျှ အမျှ အမျှ" ပေးငှဝေသည်၊ ရစေငါ့နှယ်အတူတည်း။"

## ဆုတောင်းလင်္ကာ

ဤသက်ရှင်ဆွမ်းကျွေးတရားတော် စာအုပ်ကို ကြိုးစား
ရေးသားရသော ဓမ္မဒါန အမတဒါန မဟာကုသိုလ်ကောင်းမှု
တို့ကြောင့် အရဟတ္တမဂ်ဉာဏ်တော်၊ သဗ္ဗညုတ ရွှေဉာဏ်တော်
ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့်
ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား၊ ဝေနေယျ သတ္တဝါများကို
တရားစည်ကြီး သောင်းတိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော်
ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက်၊ အရောက်ပို့ဆောင်
ကယ်တင်နိုင်သည့်ကိုယ် ဖြစ်လိုပါ၏။

## တောင်းပန်တိုက်တွန်းလင်္ကာ

ဤသက်ရှင်ဆွမ်းကျွေးတရားတော် စာအုပ်ကို တစ်နေရာ
တည်း တစ်ထိုင်တည်း ရေးသားရသည်မဟုတ် အချိန်အားခိုက်
ကြိုကြား ကြိုကြား ရေးသားရသဖြင့် တိမ်းပါးချွတ်ချော် မလျော်

http://www.dhammadownload.com



ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန် ငြားအံ့၊ ယင်းတို့ကို ပညာရှိများ အပြစ်မထားပဲ ပယ်ရှားနိုင်ကြ ပါစေကုန်သတည်း။

ဤသက်ရှင်ဆွမ်းကျွေးတရားတော် စာအုပ်၌ ရှင်တော်ဗုဒ္ဓ မိန့်မှာဟာသည့်၊ လမ်းစဉ်ကျသည့်၊ အပြစ်ကင်းပ၊ လမ်းပြဒေသနာ ကျင့်ကြံလိုက်နာစရာ အဖြာဖြာ တို့ကိုလည်း စိတ်မှာစွဲကပ်၊ သတိချပ်၍ မပြတ်ပုံသေ၊ ကျင့်ကြံ နိုင်ကြပါစေ ကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီ လောကုတ် မယုတ်ပွားတိုး၊ ကောင်းကျိုးချမ်းသာ၊ အဖြာဖြာတို့၊ ပြည့်ကာ ကြွယ်မောက်၊ ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

မဇ္ဈိမဒူတ အရှင်ပညာဇောတ
(၂၄-၁-၉၁)
၁၃၅၂-ခု၊ တပို့တွဲလဆန်း ၁၀-ရက်။

http://www.dhammadownload.com